မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၇၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၄ ခုနှစ်၊ မတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ အဗ္ဗဒူလ်ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဘရူနိုင်းနိုင်ငံဘုရင်အား နိုင်ငံတော်သမ္မတအိမ်တော်ဥယျာဉ်၌ ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာအား နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥယျာဉ်ရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

အလားတူ နှစ်နိုင်ငံခေါင်းဆောင်များအား အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ် မောင်မယ်များက နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဘရူနိုင်းနိုင်ငံဘုရင်က အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံစဉ်စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ဘရူနိုင်းနိုင်ငံသို့ ဆန်တင်ပို့နိုင်မည့် အလားအလာ၊ မြန်မာနိုင်ငံတွင်

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာတို့ကို အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုစဉ်။ (သတင်းစဉ်)

ထာဝရအမြဲလက်တွဲခိုင်မာ ပြည်သူနှင့်တပ်မတော်ပါ

စာမျက်နှာ » ၆

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ဓာတ်အားပိုမိုထုတ်လုပ်ပို့လွှတ်နိုင်မည်

စာမျက်နှာ » ၇

ပြည်သူ့လွှတ်တော် အစည်းအဝေး

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေ

စာမျက်နှာ » ၇

ဥပဒေ

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၁၅

ဒေါ်ပပဝင်း
B.A(Oriental Studies)Q,Credit

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကိုရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

တက္ကသိုလ်တက်တော့ မျက်နှာမှာ တင်းတိပ်နဲ့ မှဲ့ခြောက်တွေ ထွက်လာတယ်။ အောက်ခံမိတ်ကပ်ကြောင့်လား ဆိုတာမသိတာနဲ့ မိတ်ကပ်တွေပဲ ပြောင်းလိမ်းလာတာ။ ထိန်းပေးထားတာပဲရှိတယ်။ မလိမ်းလိုက်ရင် (၄၊၅ လ) တင်းတိပ်က ပြန်ပေါ်လာတယ်။ သတင်းစာဖတ်မိရာမှ ရွှေပြည်နန်းသနပ်ခါးကို ထောက်ခံချက်တွေနဲ့ ရေးသားထားတဲ့ စာလေးတွေကို ဖတ်လိုက်ရတော့ ရွှေပြည်နန်းကို စမ်းသပ်ချင်လာတယ်။ လိမ်းကာစမှာ စမ်းသပ်ကာလဆိုတော့ ဘူးသေးတွေကို ရန့်အစုံလိမ်းတယ်။ လိမ်းပြီး (၃) ပတ်မြောက်မှာ တင်းတိပ်တွေ ပါးလာတယ်။ အသားအရေက နဂိုကဖြူတော့ မျက်နှာမှာ ညက်ပြီးဖွေးနုနေတယ်။ ရွှေပြည်နန်းက တကယ်အမှန်အကန်ကို ပျောက်ကင်းတာပါ။ ရွှေပြည်နန်းကို အစုံလိမ်းပြီး အားပေးရတာ ရန့်အစုံကို နှစ်သက်တယ်။ ဘာလိမ်းလိမ်းဆိုးကျိုးမရှိဘဲ ကောင်းနေတော့ ဆက်လက်ပြီး ရန့်အစုံကိုပဲ ဝယ်ယူအားပေးသွားမှာပါ။ အခုတော့ တင်းတိပ်တွေပျောက်နေပါပြီ။ ကျွန်မတို့လို လူငယ်မှသည်လူကြီးပိုင်းရောက်လာတော့ အရည်အသွေးစစ်ပြီး သန့်စင်သည့် အာမခံချက်ရှိတဲ့ တန်ဖိုးသင့်တင့်သော ပစ္စည်းမျိုးကိုပဲ လိုလိုလားလား လိမ်းချင်ပါတယ်။ အမြဲဝယ်ယူအားပေးနေမယ့် အမာခံ Customer တစ်ဦးပါ။

ဒေါ်ပပဝင်း B.A(Oriental Studies)Q,Credit၊ အမှတ်(၇၉)၊ အောက်ထပ်၊ ပီတောက်ပင်လမ်း၊ ကြည့်မြင်တိုင်။ ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်စိုင်နွယ်စန်း၊ အကြီးတန်းဘဏ်လက်ထောက်၊ အမှတ် (၁၆)၊ ကွမ်းခြံလမ်း၊ ကြည့်မြင်တိုင်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး

စပါးနှင့်ဆီထွက်သီးနှံများကဲ့သို့သော ပုံမှန်စိုက်ပျိုးသော သီးနှံများအပြင် အခြားသော ဝင်ငွေရသီးနှံများ ကျေးရွာတစ်ရွာ သို့မဟုတ် ဒေသတစ်ခု၌ အောင်အောင်မြင်မြင်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားခြင်းဖြင့် သီးနှံဈေးကွက်များ ပေါ်ပေါက်လာပြီး ဒေသခံတောင်သူလယ်သမားမိသားစုများ ဝင်ငွေစီးပွားတိုးပွားလာမည်ဖြစ်ပါသည်။

ဈေးကွက်၏သဘောမှာ ထုတ်ကုန်ပစ္စည်းများ ကျယ်ပြန့်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်မှသာ ဈေးကွက်ဖြစ်ထွန်းလေ့ရှိပါသည်။ စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်ဖြစ်ထွန်းစေရန် အရည်အသွေးကောင်း စိုက်ပျိုးရေးထုတ်ကုန်များ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်မှသာ ဈေးကွက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ဈေးကွက်ဖြစ်ထွန်းလာသည်နှင့်အမျှ ထုတ်လုပ်မှုအားကောင်းလာနိုင်သလို တစ်ဖက်မှာလည်း ဝယ်လိုအားမြင့်တက်လာမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးဈေးကွက် ဖြစ်ထွန်းနေသောဒေသတစ်ခုကို ပြရမည်ဆိုလျှင် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းက ဆင်သေချောင်းတစ်ဝိုက်ကျေးရွာများကို ညွှန်းဆိုရပေလိမ့်မည်။ ၎င်းကျေးရွာများသည် ဆောင်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်လာဥနှင့် ပြောင်းဖူးတို့ကို အမြောက်အမြားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချလျက်ရှိသည်။ အမြောက်အမြားထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ကားကြီးကားငယ် အသွယ်သွယ်ဖြင့် မြို့ပြဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

၎င်းကျေးရွာများနည်းတူ ကျွန်ုပ်တို့မြန်မာနိုင်ငံတစ်ဝန်း မိမိတို့၏ရေမြေသဘာဝနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်သီးနှံများ ကျေးရွာတစ်ရွာ သို့မဟုတ် ဒေသတစ်ခုစိုက်ပျိုးထုတ်လုပ်သွားကြမည်ဆိုလျှင် ကြီးမားကျယ်ပြန့်သော စိုက်ပျိုးရေးထုတ်လုပ်ဈေးကွက်များ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေ သောက်တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းနှင့်ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ ဧက ၄၄၀ စိုက်ကွင်းများ ထူထောင်ကာ တောင်သူများ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် တစ်ပိုင်တစ်နိုင် မီးဖိုချောင်ဖူလုံစိုက်ပျိုးသည့်စနစ်မှ စီးပွားဖြစ် တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးစိုက်ပျိုးသောစနစ်သို့ ကူးပြောင်းနိုင်ရေးပညာပေးဆောင်ရွက်လျက်ရှိပါသည်။

၎င်းစိုက်ကွင်းစံပြကွက်များအတွင်း ဘူး၊ ဖရုံ၊ သခွား၊ ကြက်ဟင်းခါးမှမကျန် ပိန်းဥ၊ ကန်စွန်းဥ၊ ပိန္နဲနှင့်ကျွဲကော၊ ဂျုံးမြစ်နှင့် ကညွတ်စိုက်ကွင်းအထိ စုံလင်စွာစိုက်ပျိုးပြသထားပြီး တောင်သူလယ်သမားများအား နည်းပညာနှင့်မျိုးထုတ်လုပ်ဖြန့်ဖြူးပေးရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ တောင်သူလယ်သမားများ အနေဖြင့် မိမိတို့ရေမြေသဘာဝနှင့်ကိုက်ညီသော သီးနှံအမယ်သစ်များ ရွေးချယ်စိုက်ပျိုးကြခြင်းဖြင့် အပိုဝင်ငွေတိုးပွားလာမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်လာနိုင်မှသာလျှင် ပြည်တွင်းစားသုံးမှုဖူလုံသည်သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစိုက်ပျိုးရေးကို အလေးအနက်ထားပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၂၅

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၂၃ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး အမှာစကားပြောကြားရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရန် လိုအပ်သည့် လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာ ရရှိရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီး နောက်နှစ်လအကြာ ၂၀၁၁ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်နှင့်အညီ လုပ်ငန်းပမာဏကြီးမား ကျယ်ပြန့်ပါကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်သည့်လုပ်ငန်းစဉ်ဖြစ်၍ ပြည်သူများ သိရှိနားလည်စေရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများလည်း သန်းခေါင်စာရင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြပါကြောင်း၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ကို ပါဝင်ထမ်းဆောင်ကြမည့် စာရင်းစစ်၊ စာရင်းကောက်များအား နိုင်ငံတော်အစိုးရက ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းနှင့် ကြံ့ကြံ့တောင့်တောင့်ကြံ့ခိုင်ခဲဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ကြီးတွင် ပါဝင်ထမ်းဆောင်ရသည့်အတွက်လည်း ဂုဏ်ယူစရာဖြစ်ပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြေပြင်ကွင်းဆင်းကောက်ယူရန် ရက်ပိုင်းမျှသာလိုတော့သည်ဖြစ်၍ လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အားလုံးက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအတွက် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို မြို့နယ် ၄၅ မြို့နယ်ရှိသင်တန်းနေရာ ၄၅ နေရာ၌ မတ် ၂၀ ရက်မှ ၂၅ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ရာ အိမ်ထောင်စုများအပြင် အဖွဲ့အစည်းများ အပါအဝင် စုစုပေါင်းကောက်ကွက် ၁၁၀၀၈ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်းအင်အား ၁၄၈၉၄ ဦး သင်တန်း တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်အားခနှုန်းထားပြောင်းလဲကောက်ခံမည့် အခြေအနေရှင်းလင်း

ကြံခင်း မတ် ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဧပြီ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြောင်းလဲကောက်ခံမည့် အခြေအနေနှင့်ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရန်အတွက် မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု အစုကြီးဓမ္မာရုံ၌ ကျင်းပသည်။

ဟင်္သာတခရိုင် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းလှိုင်ကရှင်းလင်းပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

ဌေးမင်း

■ *ရှေ့ဖုံးမှ*

အလားတူ ၂၀၁၄ ခုနှစ် မတ် ၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း လွှတ်တော်ကျင်းပနေမှုကို လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများအား တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့လာရောက်လေ့လာသည့် ကျောင်းသားကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လွှတ်တော်ကျင်းပနေမှုကို လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၆၉ ဦးနှင့် ကျောင်းသားမိဘ ၂၇ ဦးတို့အား လက်ခံတွေ့ဆုံသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၂/၂၀၁၄)ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက အစည်းအဝေး (၁/၂၀၁၄) ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမြညိမ်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီး H.E.Mr. Battumur CHIMEDDORJ အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးတက်ရောက်သည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ရောက်လုပြီဖြစ်သည်။

တစ်ချိန်က SIM Card တစ်ခုလျှင် ငွေကျပ် ၁၅ သိန်း၊ ငါးသိန်း၊ နှစ်သိန်း၊ ယခုနောက်ဆုံးငွေကျပ် ၁၅၀၀ အထိ ဖြစ်လာခဲ့သည်။

ငွေကျပ် ၁၅၀၀ တန်ဖိုးနည်းဖုန်းများကို ၂၀၁၃ ခုနှစ် ဧပြီလကတည်းကစတင်၍ တစ်လလျှင် ကတ်အရေအတွက် ၃၅၀၀၀၀ ဖြင့် ပေးလာခဲ့ရာ ယခုဆိုလျှင် တစ်ဆယ့်တစ်လရှိခဲ့ပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အချို့သော မြို့နယ်ရပ်ကွက်များ၌ ဒုတိယအကျော့ပင် ပြန်လှည့်နေပြီကိုတွေ့ရသည်။ ရန်ကုန်မြို့၌ နောက်ဆုံး အခြေခံလူတန်းစားအားလုံးနီးပါးပင် ဖုန်းကိုယ်စီဖြင့် ဖြစ်သည်။

ယခုတစ်ဖန် သက်ပြည့်ပင်စင်စားကြီးများအား ဆက်သွယ်ရေးစာတိုက်များမှတစ်ဆင့် WCDMA SIM Card များကို ရောင်းချပေးနေပြီဖြစ်သည်။ သို့အတွက်ပြင်ပ SIM Card ပေါက်စျေးများ တဖြည်းဖြည်းကျဆင်းလာခဲ့သည်ကို တွေ့ရသည်။ ကျပ် ၁၅၀၀ တန် SIM Card များ စတင်ရောင်းချပေးစဉ်က CDMA SIM Card တစ်ကတ်လျှင် ငွေကျပ် ၇၀၀၀၀/၈၀၀၀၀ ဝန်းကျင် အရောင်းအဝယ်ရှိခဲ့ပြီး၊ GSM/WCDMA တစ်ကတ်လျှင် ငွေကျပ် ၁၁၀၀၀၀/၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်အလုပ်ဖြစ်နေကြသည်။ ယနေ့ပင်စင်စားများကို ပေးသော WCDMA ကတ်တစ်ခုလျှင် ငွေကျပ် ၇၀၀၀၀၊ ၈၀၀၀၀ စျေးအထိ အရောင်းအဝယ် ဖြစ်ခဲ့ကြသည်။ နောက်ကျရောင်းလျှင် နောက်ကျစျေးဖြစ်လာသည်။ CDMA ဆိုလျှင် အဝယ်မရှိ၊ ရောင်းမည့်သူသာရှိလာသည်။

ဖုန်းရောင်းဝယ်ရေးဆိုင်များနှင့် အဆက်အသွယ်ရှိသူ ကိုချိုကြီးက "မကြာခင် ပြင်ပကုမ္ပဏီတွေက ဖုန်းကတ်တွေရောင်းတော့မှာ။ ကတ်စျေးတွေ အတော်ပြုတ်ကျသွားပြီ။ ဆိုင်တွေက လက်ခံမဝယ်သလောက် ဖြစ်လာပြီ။ ဆိုင်တွေမှာ ကတ်တွေက ပုံနေတယ်" ဟု သတင်းစကားဆိုခဲ့သည်။

မိတ်ဆွေ သတင်းထောက်တစ်ဦးကလည်း "ရပ်ကွက်မှ နောက်ဆုံးအကြိမ်နီးပါးမှ ရလာသည့် CDMA ကတ်လေးပြန်ရောင်းရန် ဆူးလေမီးပွိုင့်အနီးရှိ ဖုန်းဆိုင်များသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်မေးမြန်းရာ ဆက်သွယ်ရန် ဖုန်းနံပါတ်လေး ပေးထားပါ။ လိုအပ်လျှင် ဆက်သွယ်လိုက်ပါမယ်" ဟု ဆိုင်များနှင့်သာ အငြင်းခံလိုက်ရသည်ဟု ဆိုခဲ့သည်။

ထို့အပြင် ဝင်ရောက်လာမည့် ကုမ္ပဏီများကလည်း အဆင့်မြင့် ဟန်းဆက်များပါရောင်းချမည်ဟု ဆိုထားသည်။ ထို့ကြောင့် နောက်ရောက်လာမည့် ဟန်းဆက်များအပေါ် အများက စိတ်ဝင်စားနေကြသည်။ လက်ရှိ ဟန်းဆက်စျေးကွက်၌ပင် အရောင်းအဝယ် အေးလာကြောင်း လသာလမ်းအတွင်းရှိ ဖုန်းအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက စကားစပ်မိ၍ ဆိုခဲ့သည်။

"အခု ဖုန်းအရောင်းဆိုင်တွေမှာ ကြေညာထားတယ်။ အရည်အသွေးကောင်းတယ်။ လိုင်းဆွဲအား ကောင်းတယ်။ ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ ရောင်းမယ်ဆိုတာပေါ့။ ဟန်းဆက်အပြောင်းအလဲ အမြဲကိုင်တဲ့လူတွေက သူတို့အလာကို စောင့်နေကြတယ်။ လက်ရှိဟန်းဆက် အရောင်းအဝယ်စျေးကွက်က ပြန်အေးသွားတယ်" ဟု ဆိုသည်။

လက်ဆောင်ပေး

Ooredoo ကုမ္ပဏီမှ SIM Card များကို လိုင်စင်ကျသည့်နေ့မှစ၍ ခြောက်လအတွင်း ရောင်းချပေးနိုင်ရန် အစီအစဉ်ရှိပြီး တယ်လီနောကုမ္ပဏီကလည်း လိုင်စင်ရပြီး ရှစ်လအတွင်း ရောင်းချပေးသွားမည်ဟု ကြေညာသံများထွက်လာသည်။ ထို့အပြင် အဆင့်မြင့် ဟန်းဆက်များ ဝယ်ယူပါက SIM Card တစ်ခု လက်ဆောင်ပေးသွားမည်ဟု ဆိုထားကြသည်။

လက်ရှိ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးမူဝါဒများလည်း ပြောင်းလဲသွားပြီးနောက် စီးပွားရေးစျေးကွက်များသည်လည်း တစ်စတစ်စ ပြောင်းလဲလာပြီဖြစ်သည်။ အထက်က ဆိုသကဲ့သို့ ဟန်းဆက်စျေးကွက်၌ အဆင့်မြင့် ဟန်းဆက်တစ်လုံး ဝယ်လျှင် SIM Card တစ်ခုလက်ဆောင်ပေးမည်ဆိုကြသည့်စကားအပေါ် ယခင် ကရုပ်ရှင်ရုံကြီးများ၌ နောက်ဇာတ်ကားအတွက် ကြော်ငြာသည့်စကား အငှားသုံး၍ ဆိုချင်ပါသည်။ "မကြာမီလာမည်မျှော်" ဟူ၍ပင်ဖြစ်ပါသည်။

နိုင်ငံတကာသတင်း

အမေရိကန်အနေဖြင့် မျှတသော သဘောတရားရပ်တည်ချက်ထားပေးရန် သမ္မတရှီကျင့်ဖျင်တိုက်တွန်း



ပေကျင်း မတ် ၂၅

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တနင်္လာနေ့က တွေ့ဆုံခဲ့ရာမှ တရုတ်နိုင်ငံသည် ပိုင်နက်အငြင်းပွားဖွယ်ကိစ္စရပ်များတွင် ပို၍ခါးသီးဖွယ်ရာအခြေအနေများစွာတို့တွင် ပါဝင်ပတ်သက်နေရပြီး အမေရိကန်အနေဖြင့် အရှေ့နှင့် တောင်တရုတ်ပင်လယ်များအရေးတွင် တရားမျှတသော သဘောထားရပ်တည်မှု ရှိသင့်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နှစ်နိုင်ငံသမ္မတနှစ်ဦးသည် နယ်သာလန်၌ ကျင်းပပြုလုပ်သော နျူကလီးယားထိပ်သီးစည်းဝေးပွဲပြင်ပတွင် တွေ့ဆုံမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယူကရိန်းနိုင်ငံရေးအခြေအနေ၊ မြောက်ကိုရီးယားအခြေအနေနှင့် တပ်မတော် တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုများ အရေးဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ တရုတ်နိုင်ငံဘက်က အမေရိကန်အနေဖြင့် မည်သည့်အငြင်းပွား ပိုင်နက်မြေများအရေးတွင်မဆို ဘက်မလိုက်ရန် ထပ်ကာထပ်ကာတိုက်တွန်းမှု ပြုခဲ့သည်။ သမ္မတရှီက တရုတ်နှင့် အမေရိကန်တို့အနေဖြင့် တပ်မတော်ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေးလေ့ကျင့်မှုများ ဖော်ဆောင်ရေး အလေးအနက်ပြုနိုင်ရန် မျှော်လင့်မိပါကြောင်း ဆိုသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောပြချက်အရ နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတကာရေပိုင်နက်တွင် ရေကြောင်းလုံခြုံရေးနှင့် လေပိုင်နက်စစ်ရေးလေ့ကျင့်မှုများ အပါအဝင် အချက် ၁၀ ချက်ကို သဘောတူညီမှုပြုခဲ့ကြသည်ဟု သိရသည်။ **(ရိုက်တာ)**

ဝါရှင်တန်က နာမည်ပျက်စာရင်းသွင်းထားသော ဘဏ်၌ သမ္မတပူတင် ဘဏ်စာရင်းသစ်ဖွင့်

မော်စကို မတ် ၂၅

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်ပြည်ထောင်စုက နာမည်ပျက်စာရင်းသွင်းထားသော ရော့ဆီဂျာဘဏ်၌ ဘဏ်စာရင်းတစ်ခုဖွင့်ခဲ့ကြောင်း the Kremlin က ဖော်ပြခဲ့သည်။

၎င်းဖော်ပြချက်ကို ကိုးကား၍ သမ္မတပူတင်၏လစာငွေကို လာမည့်လမှစတင်၍ ၎င်းဘဏ်စာရင်း၌ ထည့်သွင်းသွားမည် ဖြစ်သည်ဟု Intorfax သတင်းအေဂျင်စီက ဖော်ပြသည်။

အခိုင်အမာပြောဆို

သမ္မတပူတင်သည် ငွေကြေးတည်ထောင်မှုပြုလုပ်ရန်အတွက် ရော့ဆီဂျာပုဂ္ဂလိကဘဏ်၌ သောကြာနေ့က ဘဏ်စာရင်းတစ်ခု ဖွင့်ခဲ့ခြင်းဖြစ်သည်။

ရော့ဆီဂျာဘဏ်သည် ယူကရိန်းအရေးအခင်းနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် မူလကတည်းက နာမည်ကောင်းရှိထားပြီးဖြစ်ကြောင်း သမ္မတပူတင်က အခိုင်အမာပြောဆိုခဲ့သည်။

ရော့ဆီဂျာကော်ပိုရေးရှင်း ဝက်ဘ်ဆိုက်အရ ၎င်းဘဏ်သည် ၁၉၉၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပြီး နိုင်ငံ၏ သက်တမ်းရှည်ဘဏ်များအနက် တစ်ခုဖြစ်သည်။

ရပ်တည်

၎င်းဘဏ်သည် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းစာရင်းများအရ ရုရှား၏ ထိပ်ဆုံးဘဏ်များ စာရင်း ၂၀ ထဲတွင် ရပ်တည်လျက်ရှိသည်။

(ဆင်ဟွာ)

ဝါရှင်တန်မြေပြိုမှု သေဆုံးသူဦးရေ ထပ်မံတိုးလာ

ဝါရှင်တန် မတ် ၂၅

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ မတ် ၂၂ ရက်က ဧရာမ မြေပြိုမှုတစ်ရပ်ဖြစ်ပွားရာ ၎င်းနေ့က အလောင်းသုံးလောင်း တွေ့ရှိခဲ့ပြီး မတ် ၂၃ က အလောင်းငါးလောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြခဲ့ပြီး ယခုအခါ အလောင်းခြောက်လောင်း ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူဦးရေ ၁၄ ဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။

၎င်းမြေပြိုကျမှု၌ ပျောက်ဆုံးသူဦးရေ ၁၇၆ ဦး ရှိနိုင်သေးကြောင်း အရာရှိများကပြောကြားခဲ့ပြီး ရှာဖွေရေးအဖွဲ့များသည် ရဟတ်ယာဉ်များဖြင့် နေ့ရောညပါ ရှာဖွေနေဆဲဖြစ်သည်။

သမ္မတအိုဘားမားသည် ဝါရှင်တန်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဗဟိုအစိုးရအာဏာပိုင်များကိုလည်း ၎င်းသဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

မကြာသေးမီကကာလက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်က တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်က တစ်ကြိမ် ၎င်းကဲ့သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ဖူးကြောင်း ဝါရှင်တန်ပြည်နယ် ဘူမိဗေဒပညာရှင် မစ္စတာနော်မန်က ပြောကြားခဲ့သည်။

(ဘီဘီစီ)

ရုရှားနှင့်ယူကရိန်း ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုပြုလုပ်

မော်စကို မတ် ၂၅

ရုရှားနိုင်ငံသည် ခရိုင်းမီးယားကို သိမ်းယူခဲ့အပြီးမှစကာ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဘော့က ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုအဖြစ် နျူကလီးယားထိပ်သီးစည်းဝေးပွဲကို တနင်္လာနေ့က ပြုလုပ်ခဲ့သည်ဟု သိရသည်။

မစ္စတာလာဘော့က ရုရှားအနေဖြင့် လာမည့် ဂျီ-၈ အစည်းအဝေးမှ ရုရှားနိုင်ငံအား ထုတ်ပယ်မည့်အလားအလာအတွက် တုန်လှုပ်မှုမရှိပါဟု ဆိုသည်။ “ခရိုင်းမီးယားကျွန်းဆွယ် သိမ်းယူထားတဲ့အရေးနှင့်ပတ်သက်ပြီး ဂျီ-၈ စည်းဝေးပွဲရဲ့ ဦးဆောင်နိုင်ငံများအဖြစ်က ဖယ်ရှားခံရရင်တောင် မော်စကိုအနေနဲ့ ကြီးကြီးမားမားလွမ်းစရာမရှိပါဘူး” ဟု မစ္စတာလာဘော့က ပြောကြားခဲ့သည်။

စက်မှုနိုင်ငံများဖြစ်ကြသည့် ၎င်းအုပ်စုရှိ အခြားအဖွဲ့ဝင်နိုင်ငံများကလည်း ရုရှားနိုင်ငံ၌ ထိပ်သီးအစည်းအဝေးပွဲအစီအစဉ်မကျင်းပရေး သဘောတူညီမှုရှိထားကြသည်။

ယင်းအဖြစ်အပျက်သည် ရုရှားတပ်ဖွဲ့ဝင်များက ခရိုင်းမီးယားအခြေစိုက်စစ်စခန်းများသိမ်းယူပြီး ယူကရိန်းတပ်ဖွဲ့များ ခရိုင်းမီးယားမှ ဆုတ်ခွာပေးရအပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။ယခုလအစောပိုင်းကာလက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအပြီး ခရိုင်းမီးယားကို ယူကရိန်းထံမှ ရုရှားတို့က တိုက်ခိုက်သိမ်းယူထားခြင်းဖြစ်သည်။ ဂျီ-၈ အဖွဲ့ဝင်နိုင်ငံများအချို့သည် ယခု နျူကလီးယားထိပ်သီးအစည်းအဝေးပွဲပြင်ပ၌ အချင်းချင်းတွေ့ဆုံမှုများပြုလုပ်ခဲ့ကြပြီး ယူကရိန်းအရေးနှင့်ပတ်သက်ကာ ရုရှားကို ဇွန်လတွင် ကျင်းပမည့် ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲတွင် ထုတ်ပယ်ကြမည်ဟု ဆိုကြသည်။

အလားတူ တစ်ချိန်တည်းမှာပင် ဂျီ-၇ အစည်းအဝေးပွဲကိုလည်း ဘရပ်ဆဲလ်၌ ကျင်းပရန်ရှိသည်။ **(ဘီဘီစီ)**

ထိုင်းနိုင်ငံမြောက်ပိုင်း ဘတ်စ်ကားတိမ်းမှောက်မှု အနည်းဆုံးလူ ၃၀ သေဆုံး

ဗန်ကောက် မတ် ၂၅

ထိုင်းနိုင်ငံမြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၃၀ သေဆုံးခဲ့ပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့သည်ဟု ထိုင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ယခုကဲ့သို့ အဖြစ်ဆိုးလှသည့် မတော်တဆမှုသည် ယမန်နေ့ညက တက်ခ်ပြည်နယ်အတွင်း ဖြစ်ပွားခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြထားသည်။ ထိုင်းရဲတပ်ဖွဲ့ဝင်များ ပြောပြချက်အရ လေပြင်းတိုက်ခတ်လျက်ရှိသည့် တောင်ပေါ်တစ်နေရာတွင် ကားများကို ကျော်တက်ရန်ကြိုးစားရာမှ ဘီးချော်မှုဖြစ်ပွားပြီး လျှိုထဲသို့ ထိုးကျသွားခြင်းဖြစ်သည်ဟု သိရသည်။

၎င်းနှစ်ထပ်ပါ ဘတ်စ်ကားတွင် ကွင်းဆင်းခရီးစဉ်သွားရောက်သည့် ဒေသခံ အစိုးရအလုပ်သမားများ ပါဝင်သည်။ ဒဏ်ရာရရှိသူများတွင် ကလေးငယ်တစ်ဦးလည်း ပါဝင်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

ဖြစ်စဉ်တွင် ဘရိတ်မကောင်း၍ဟု မတော်တဆဖြစ်စဉ်အတွင်း နံရိုးတစ်ချောင်း ကျိုးခဲ့ရသည့် ဘတ်စ်ကားဒရိုင်ဘာက ဆိုသည်။

ယခု မတော်တဆဖြစ်ရာလမ်းကြောင်းသည် ထိုင်း-မြန်မာနယ်စပ်ဒေသတစ်လျှောက် ဘတ်စ်ကားများ၊ ထရပ်ကားများ ဖြစ်လေ့ဖြစ်ထရှိရာ လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။ ယာဉ်မတော်တဆမှုဖြစ်စဉ်တို့သည် ထိုင်းနိုင်ငံတွင် အဖြစ်များလေ့ရှိသောမှုခင်းများဖြစ်ပြီး လုံခြုံမှုစံချိန်စံညွှန်း ညံ့ဖျင်းခြင်းနှင့် ယာဉ်အသွားအလာ ရှုပ်ထွေးခြင်းတို့ကြောင့် ဖြစ်ရသည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံ ယာဉ်မတော်တဆမှု နှစ်ခု၌ လူ ၂၀ သေဆုံး

ကူမင်း မတ် ၂၅

တရုတ်နိုင်ငံအနောက်ပိုင်း၌ သီးခြားယာဉ်မတော်တဆမှုနှစ်ခုဖြစ်ပွားရာ သေဆုံးသူ ၂၀ ရှိပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မတ် ၂၅ ရက်တွင် ဒေသအာဏာပိုင်များက ပြောကြားသည်။

ဖြစ်စဉ်မှာ ချုံကျင်းမြို့အဝေးပြေးလမ်းမပေါ်တွင် တနင်္လာနေ့ ညဉ့်သန်းခေါင်ယံက ကုန်တင်ကားနှင့်အဝေးပြေးဇိမ်ခံဘတ်စ်ကားတို့ ယာဉ်တိုက်မှုဖြစ်ပွားရာ ၎င်းကုန်တင်ကားနောက်မှ ယာဉ်များသည်လည်း ဆင့်ကဲယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၎င်းမတော်တဆမှု၌ ၁၅ ဦးသေဆုံးခဲ့ပြီး ၅၆ ဦးဒဏ်ရာရရှိခဲ့သည်။ အခြားမတော်တဆမှုတစ်ခုမှာ ယူနန်ပြည်နယ် ဟုဇီကောင်တီ၌ မတ် ၂၄ ရက် ည ၇ နာရီ ၄၂ မိနစ်က ပြည်တွင်းခရီးသည် ၂၉ ဦးပါ မီနီဘတ်စ်ကားတစ်စီးသည် မင်္ဂလာဆောင်မှအပြန် လမ်းတွင် ရုတ်တရက်ကွေ့လိုက်ရာ မီတာ ၆၀ အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားသဖြင့် ငါးဦးသေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူ ၂၄ ဦးအနက် လေးဦးမှာ စိုးရိမ်ရကြောင်း၊ အဆိုပါယာဉ် ခရီးသည်တင်ဆောင်ခွင့်မှာ ၁၆ ဦးသာရှိကြောင်း ကောင်တီအစိုးရက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မတ် ၂၅

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှ Dr. Gro Harlem Brundtland ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ နော်ဝေ ဝန်ကြီးချုပ်ဟောင်း Dr.Gro Harlem Brundtland နှင့်အတူ ဖင်လန်နိုင်ငံသမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Marttl Ahtisaari နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တာဝန်အပါအဝင် အမျိုးသမီးများ၏ တာဝန်ထမ်းဆောင်မှု ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှDr. Gro Harlem Brundtland အား တွေ့ဆုံစဉ်။(မြဝတီ)

နိုင်ငံတစ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်လျှင် ပျက်ပြားနိုင်သည်ကို သိရှိရန်လို

နေပြည်တော် မတ် ၂၅

ယနေ့နိုင်ငံတော်၏ ဒေသအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော လမ်းကြောင်း၊ မူဝါဒ၊ ရည်ရွယ်ချက်များကို မိမိတို့သာမက ပြည်သူများကပါ သိရှိရန်လိုကြောင်း၊ နေ့စဉ် ဖြစ်ပျက်နေသည့် တိကျခိုင်မာသော သတင်းအချက်အလက်များကို သိရှိအောင် ကြိုးစားခြင်းဖြင့် အတွေးအခေါ် မြင့်မားလာစေရန် ဆောင်ရွက်သွားဖို့လိုကြောင်း၊ဗဟုသုတ တိုးပွားမှသာလျှင် အမှား၊ အမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ကြောင်း၊ မတ် ၂၁ ရက် ညပိုင်းတွင် မူဆယ်မြို့ ရွှေလီရိပ်သာအစည်းအဝေးခန်းမ၌ပြုလုပ်သည့်မူဆယ်မြို့၊ မြို့မိ မြို့ဖနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့တို့နှင့် တွေ့ဆုံရာတွင် **(အပေါ်ယာပုံ)** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ မူဆယ်မြို့ မြို့မိ မြို့ဖ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီအဖွဲ့၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ "ပြည်သူဗဟိုပြုစနစ်ဖြစ်သည့် အောက်မှအပေါ်သို့ တင်ပြသည့် (bottom -up) စနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အသေးစိတ် တိကျစွာ သိရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရကိုသာ အားကိုးမနေဘဲ မိမိတို့မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများကပါ အင်တိုက်အားတိုက် ပါဝင်လာမှ လူထုဗဟိုပြုအုပ်ချုပ်ရေးစနစ် ပီပြင်လာမည် ဖြစ်ပါကြောင်း။

မိမိတို့ဒေသအတွက် နိုင်ငံတော်က ချမှတ်ထားသော စီမံကိန်းများကို ဒေသနှင့် အမှန်တကယ် ကိုက်ညီသည့်စီမံကိန်းများချမှတ်နိုင်ရေး တင်ပြရန်လိုအပ်ကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျောက်ပျက်မှု မရှိစေရေး၊ ဘာသာ၊ စာပေ၊ ပျောက်ပျက်မှုမရှိစေရေးတို့ကို အထူးအလေးထား ထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဒီမိုကရေစီအစစ်အမှန်၏ အနှစ်သာရကို မိမိတို့၏ လူမျိုးများ သိရှိရန်အရေးကြီးကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့် စည်းကမ်းကို အခြေပြုကြောင်း၊ ဥပဒေနှင့် စည်းကမ်းကို လေးစားလိုက်နာရန် လိုကြောင်း၊ ဒီမိုကရေစီသည် လွတ်အခွင့်အရေးနှင့် ရောယှက်မနေကြောင်း၊ ဥပဒေနှင့်စည်းကမ်းကို လိုက်နာပြီး တိုးတက်အောင်မြင်နေသည့် အိမ်နီးချင်းနိုင်ငံများကို လေ့လာ၍ စံနမူနာယူရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်လျှင်၊ သွေဖည်လျှင်ပျက်ပြားနိုင်သည်ကို သိရှိရန်လိုကြောင်း။

နိုင်ငံတော်တည်ငြိမ်မှု တိုင်းပြည်တိုးတက်အောင်မြင်မှာဖြစ်ကြောင်း၊ မိမိထံသို့ တိုင်ကြားစာ၊ အကြံပြုစာနှင့် အသနားခံစာများရောက်ရှိလာရာတွင် ဖြေရှင်းပေးနိုင်ခဲ့သည်များရှိသလို ဖြေရှင်းပေးရန် ကျန်ရှိနေသေးသည့်ကိစ္စများကို ဆောင်ရွက်ပေးနေပါကြောင်းဖြင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များက လိုအပ်သည်များတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင်မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်လာလျှင်၊ ကြိုးစားအားထုတ်ဆောင်ရွက်သွားစေလိုကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဘူဟာဆန် မာမွတ်အလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၂၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈) မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၏ မိသားစုဝင်နှစ်ဦး၊ UNDP၏ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ ကူညီထောက်ပံ့ရေး အစီအစဉ်အရ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များမှ ကိုယ်စားလှယ် ၂၆ ဦး၊ လှိုင်းဘွဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် အရန်သားဖွားသင်တန်းသူ ၁၀၀ ၊ မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှအဖွဲ့ဝင် ၂၀၀ ၊ မန္တလေးတိုင်းဒေသကြီး ဥတ္တရသီရိမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၈၅ ဦး၊ Myanmar Egress ၏ Social Enterpreneurship (E002) သင်တန်းမှ ကြီးကြပ်သူနှင့် သင်တန်းသား သင်တန်းသူများ ၆၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလယ်တန်း၊ အထက်တန်းကျောင်းမှ အုပ်ချုပ်သူ၊ အုပ်ထိန်းသူနှင့် ကျောင်းသား ကျောင်းသူ ၇၈ ဦး စုစုပေါင်း ၅၅၃ ဦးတို့သည် အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group မှ ကျင်းပမည့်

YANGON LIFESTYLE FURNITURE FAIR

Main Sponsored by
Casabella
Luxury Home Furnishing Centre
Presented By NatRay Co.,Ltd.

နှစ်သစ်ကူးအကြိုပရိဘောဂပြပွဲ

Co-Sponsored by
SWEETY HOME

၂၇-၃-၂၀၁၄ မှ ၃၀-၃-၂၀၁၄ ထိ
တပ်မတော်ခန်းမ
နံနက် (၉) နာရီ မှ ညနေ (၆) နာရီ

ပြခန်းတွင်ပြသထားသောပစ္စည်းများအား အထူးလျှော့ဈေးဖြင့် ရောင်းချမည့်အပြင် ကျပ် (၅) သိန်းဖိုးနှင့်အထက် ဝယ်ယူသူများအား ပရိဘောဂပစ္စည်းများ ကံစမ်းမဲပေါက်ပေးမည့်အစီအစဉ်ပါရှိပါသည်။

ဆောင်းပါး

ထာဝရအမြဲ လက်တွဲခိုင်မာ ပြည်သူနှင့်တပ်မတော်ပါ

လဝန်းအိမ်
(စင်ထရယ်)

တပ်မတော်ဆိုသည်မှာ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူများအား ကာကွယ်စောင့်ရှောက်ရသော မျိုးချစ်အင်အားစုကြီးပင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံမှန်သမျှ၌ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်ပေးရန် တပ်မတော်အသီးသီးကို ဖွဲ့စည်းထူထောင်ထားကြသည်။

စင်စစ်၌ လူ့ဘောင်သမိုင်းဖြစ်စဉ်ကို ပြန်လည်ဆန်းစစ်လေ့လာကြည့်မည်ဆိုပါက သမိုင်းဦးဘုံမြေခေတ်၊ ကျောက်လက်နက်များစတင်အသုံးပြုခဲ့ကြသော အချိန်ကာလကပင်လျှင် လူ့အဖွဲ့အစည်းများအတွင်းဝယ် မိမိတို့ အဖွဲ့အစည်း၊ အသင်းအပင်းကို စုပေါင်းကာကွယ်ကြရန်အတွက် လက်နက်ကိုင်အဖွဲ့များ ဖြစ်ပေါ်တည်ရှိခဲ့ကြသည်။

တပ်မတော်ဟူသည် နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသော အမျိုးသားနိုင်ငံရေး တာဝန်များအနက် အရေးကြီးဆုံးသော ကိစ္စရပ်များ၊ တစ်နည်းအားဖြင့် အသက်တမျှ အရေးကြီးလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကို ထမ်းဆောင်ရသော အဖွဲ့အစည်းတစ်ခုဖြစ်၏။ တပ်မတော်တစ်ရပ်အနေဖြင့် အမျိုးသားရေးအတွက် ထမ်းဆောင်ရသောတာဝန်များ များပြားလှပေရာ၊ တပ်မတော်၏ အဓိကတာဝန်မှာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးဟူသော အချက်များပါဝင်သည့် "နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် ခိုင်ခိုင်မာမာကာကွယ်စောင့်ရှောက်သွားရန်"ပင်ဖြစ်သည်။

ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းများအရ မြန်မာ့မြေပေါ်တွင် အနော်ရထာမင်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်၊ တပင်ရွှေထီးနှင့်ဘုရင့်နောင်တို့တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရားဦးအောင်ဇေယျတည်ထောင်ခဲ့သော တတိယမြန်မာနိုင်ငံတော် စသည့်နိုင်ငံတော်သုံးရပ်လုံးကို ဦးစီးဦးဆောင်ပြုခဲ့ကြသော တပ်မတော်ခေါင်းဆောင် လူစွမ်းကောင်းတို့အနေဖြင့် ပြည်သူများ လေးစားပြီး အင်အားတောင့်တင်းခိုင်မာသော တပ်မတော်၏ အားကိုသာ အသုံးချကာ အမိမြန်မာနိုင်ငံတော်ကြီးပေါ်ထွန်း၊ တည်တံ့ခိုင်မြဲလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ခိုင်မာသော သာဓကဖြစ်ရပ်များပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည်မည်သည့်နိုင်ငံကိုမျှ နယ်ချဲ့လောဘမျိုးဖြင့် မကျူးကျော်၊ မိမိတို့နိုင်ငံကို ကျူးကျော်လာသော ပြည်ပကျူးကျော်သူများကိုမူ သတ္တိပြောင်မြောက်စွာ တွန်းလှန်တိုက်ထုတ်ပစ်လေ့ရှိသည်။ ၁၈၂၄ ခုနှစ်မှစတင်၍ စစ်ပွဲသုံးကြိမ်ဖန်တီးခဲ့ကြသော နယ်ချဲ့ကျူးကျော်တပ်များကိုလည်း မြန်မာဘုရင်၏တပ်မတော်နှင့် တိုင်းရင်းသားမျိုးချစ်များက သမိုင်းပြောင်မြောက်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာ့တပ်မတော်၏ထွန်းပြောင်သော ဂုဏ်ဒြပ်နှင့်စပ်လျဉ်း၍H.H.Wilson ရေးသားသော "Narrative of the Burmese War in 1824-26" တွင် "မြန်မာတပ်အားလုံး၏ စစ်ဆင်ရေးဗျူဟာမှာ အဆင့်ဆင့်ချီတက်တပ်စွဲလေ့ရှိသော ခံတပ်စစ်ဆင်ရေးပင်ဖြစ်သည်။ သူတို့သည် ပင်ကိုစိတ်ကူးကောင်းသူများပီပီ စိတ်ရောကိုယ်ပါ ဆောင်ရွက်ကြသည်။ ယင်းခံကတုတ်များ မယိမ်းမယိုင်သော စိတ်ဓာတ်၊ သတ္တိတို့ဖြင့် ရင်ဆိုင်လေ့ရှိရကား၊ စစ်မြေပြင်တွင် မြန်မာတို့မှာ ကြောက်မက်ဖွယ်ကောင်းသော စစ်သားများသာဖြစ်တော့သည်"ဟု ဖော်ပြထားပေရာ မြန်မာ့တပ်မတော်သည် ရင်ဆိုင်လာခဲ့သော ရန်သူအားလုံးကို ချောက်ချားစေကြောင်း ညွှန်းဆိုခဲ့ပေသည်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံကို ကျူးကျော်စိုးမိုးခြယ်လှယ်သွေးစုပ်သော ဗြိတိသျှနယ်ချဲ့သမားများအား လက်နက်ကိုင်တိုက်ခိုက်ရန်၊ တို့ဗမာအစည်းအရုံးဝင် မြန်မာမျိုးချစ်လူငယ် ၃၀ တို့သည် ပြည်ပသို့သွားရောက်ကာ စစ်ပညာ၊ စစ်လက်နက်အကူအညီများရယူကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့သည် ဒုတိယကမ္ဘာစစ်ပွဲ ဖြစ်ပွားစကာလမှာပင် ဘီအိုင်အေ(ခေါ်) "မြန်မာ့လွတ်လပ်ရေးတပ်မတော်"ကို ဖွဲ့စည်းကာ နယ်ချဲ့ဗြိတိသျှတပ်များကို မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို ကျူးကျော်စိုးမိုးဖိနှိပ်ညှဉ်းပန်းနေသော ဖက်ဆစ်ဂျပန်တို့က မြန်မာ့သတ္တိ၊ မြန်မာ့တပ်မတော်၏အစွမ်းကို စိုးရိမ်ကာ မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို အင်အားလျှော့ချစေလျက် ပြင်ဆင်ဖွဲ့စည်းခိုင်းခဲ့သည်။ ဤသို့ဖြင့် ဘီအိုင်အေ **(BIA)** မှ ဘီဒီအေ (BDA) ခေါ် "မြန်မာ့ကာကွယ်ရေးတပ်မတော်" ဖြစ်လာရပြီး ထိုမှတစ်ဆင့် **ဘီအင်န်အေ** (BNA)ခေါ် "မြန်မာ့အမျိုးသားတပ်မတော်" ဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ယင်းသို့ ဖက်ဆစ်ဂျပန်တို့အနေဖြင့် မြန်မာ့တပ်မတော်ကို အင်အားလျှော့ချ၍ အားနည်းအောင်ဖန်တီးခဲ့ကြသော်လည်း တပ်မတော်နှင့်တိုင်းရင်းသားမျိုးချစ်များ၏ ဖက်ဆစ်တော်လှန်ရေးအင်အားစုများ ပူးပေါင်းအားဖြည့်ပေးခဲ့ခြင်းတို့ကြောင့် ဖက်ဆစ်ဂျပန်များကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှစတင်ပြီး ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးတပ်သားဖြစ်သူ မျိုးချစ်ပြောက်ကျားရဲဘော်များနှင့် တပ်မတော်သားများသည် ရင်ကို မြေကတုတ်ပြုကာ တိုင်းပြည်၏ရန်သူကို တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏တပ်မတော်သည် လွတ်လပ်ရေးကို တိုက်ယူရန် သန္ဓေတည် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်သစ်မြန်မာ့သမိုင်း၌ တပ်မတော်သည် "အရေးကြုံလျှင် သက်လုံကောင်းရမည်" ဟူသော စကားရပ်နှင့်အညီ နိုင်ငံတော်၏ ကံကြမ္မာအတွက် အရေးပါလှသော အလှည့်အပြောင်း၊ အကျဉ်းအကျပ်ကာလများ၌ အမျိုးသားရေးတာဝန်များကို ခက်ခဲမှုမြောက်မြားစွာ ရင်ဆိုင်ရသည့်တိုင် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကာ မဖြစ်မနေအောင်မြင်မှုရရှိအောင် ဆောင်ရွက်ခဲ့ပေသည်။

"နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"တည်းဟူသော အမျိုးသားရေးတာဝန်နှင့် ပတ်သက်လာပါက တပ်မတော်သည် မဆိုင်းမတွ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားသက်သက်ကိုသာ ဦးထိပ်ထားလျက် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၄၈ ၊ ၁၉၄၉ ခုနှစ်များက လွတ်လပ်ရေးရပြီးစ " တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်" ဟု

ဆိုစမှတ်ပြုခဲ့ရသော ကာလများကို ညွှန်းဆိုရပေမည်။

ထိုစဉ်ကာလများက တပ်မတော်သည် ခွဲထွက်၊ တောခို၊ ပုန်ကန်သွားကြသော လူမျိုးစုနှင့် ဝါဒသဘောတရားရေး၊ ဝါဒမှိုင်းမိနေသည့် တပ်ရင်းတပ်ဖွဲ့များကို ဖယ်ထုတ်ပြီး ကျန်ရှိနေသည့် လက်ကျန်လူအင်အားလက်နက်ခဲယမ်းအင်အားတို့ကိုထိရောက်စွာ စုစည်းကာ မိမိထက် အင်အားများစွာကြီးမားသော ဝါဒရေးသောင်းကျန်းသူ၊ ရောင်စုံသူပုန်များနှင့် ရင်ဆိုင်ခဲ့ရသည်။ အစိုးရ၏အုပ်ချုပ်မှု အာဏာစက်မှာလည်း " ရန်ကုန်အစိုးရ" ဟုပင် ခေါ်ဆိုရလောက်အောင် ချည့်နဲ့ယိုင်လဲလုနီးနီး အခြေအနေဖြစ်ပေါ်ခဲ့ရသည်။ တစ်နည်းဆိုရသော် နိုင်ငံတော်၏ အခြေအနေမှာ ချောက်ထဲကျဖို့ လက်တစ်လုံးသာလိုတော့သည့် အနေအထားသို့ ရောက်ရှိခဲ့ရသည်။

ယင်းသို့ ရင်ဆိုင်ကြုံတွေ့ရသည့်အခြေအနေတွင် တပ်မတော်တပ်ရင်း တပ်ဖွဲ့များက "လှေခွက်ချည်းကျန်၊ အလံမလှဲ" ဟူသော ဇာတိမာန်စိတ်ဓာတ်အပြည့်ဖြင့် အင်းစိန်တိုက်ပွဲစစ်မျက်နှာတွင် မိမိတို့အသက်ကို ဖက်ရွက်သဖွယ် သဘောထားကာ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်နေကြသည်ကို နံဘေးမှ ထိုင်ကြည့်မနေနိုင်တော့သည့် ပြည်သူများက တပ်မတော်သား ဇာနည်မောင်ဘွားများအား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသည့်နည်းတူ တက္ကသိုလ်ကျောင်းသားများကလည်း တပ်မတော်သို့ လာရောက်စာရင်းသွင်းဝင်ရောက်ကာ ကလောင်တံကိုချ၍ သေနတ်ကိုကိုင်စွဲတိုက်ပွဲဝင်ခဲ့ကြသည့်အပြင် အနုပညာရှင်မောင်နှမများက ရှေ့တန်းစစ်မျက်နှာသို့တိုင် ကျည်ဆန်များကြားမှ စွန့်စားလာရောက်ကြကာ ရိက္ခာထုပ်များကို ပို့ဆောင်ပေးကြလျက် အားပေးနှစ်သိမ့်ခဲ့ကြသည်။

ဤသို့ တပ်မတော်က ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်နေချိန်ဝယ် လက်ဝဲအင်အားစု ဆိုရှယ်လစ်ခေါင်းဆောင်များက ၁၉၄၉ ခုနှစ် ဧပြီလတွင် မျှော်လင့်ချက် နည်းပါးနေသော အစိုးရအဖွဲ့ကို စွန့်ခွာကာ နုတ်ထွက်သွားခဲ့ကြသည်။ လက်ယာအုပ်စုခေါင်းဆောင်များက တပ်မတော်အကြီးအကဲများထံချဉ်းကပ်ကာ အစိုးရကို ဖြုတ်ချ၍ အာဏာသိမ်းရန်တိုက်တွန်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် မယိမ်းမယိုင် မတုန်မလှုပ် ရင်ကိုမြေကတုတ်လုပ်ကာ အမျိုးသားရေးတာဝန်များကို ကျေပွန်ခဲ့ကြသည်။

ထိုကာလဝန်းကျင်၌ပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စစ်ရေးဖိအားကို မခံနိုင်သော တရုတ်ဖြူကူမင်တန်များ၏ ရှမ်းပြည်နယ်အတွင်း ထွက်ပြေးခိုလှုံ၊ ခြေကုပ်ယူထိုးစစ်ဆင်ရန် ကြံစည်ခဲ့သည့် ပြည်ပကျူးကျော်မှုအန္တရာယ် ပေါ်ပေါက်လာပြန်သည်။ ၎င်းတရုတ်ဖြူကူမင်တန်တပ်များကို အမေရိကန်တို့က နောက်ကွယ်မှထောက်ပံ့ကူညီခဲ့ရာ မြန်မာအစိုးရက ကုလသမဂ္ဂမှတစ်ဆင့် သံတမန်နည်းဖြင့် ကန့်ကွက်ခဲ့သော်လည်း အကြောင်းမထူးသည့်အတွက် တပ်မတော်အနေဖြင့် နဂါးနိုင်၊ ရန်ကြီးအောင်၊ မဲခေါင်စသည့် စစ်ဆင်ရေးအဆင့်ဆင့်တို့ ဆင်နွှဲတိုက်ခိုက်ချေမှုန်းမောင်းထုတ်ခဲ့ရသည်။

ထိုသို့ တရုတ်ဖြူအန္တရာယ်ကို တွန်းလှန်ကာကွယ်နေရစဉ်ကာလအတွင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌လည်း ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ကို တပ်မတော်က တစ်ဖက်မှ ရင်ဆိုင်နေရဆဲဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်အချို့က တစ်ဖက်တွင် ဖက်ဒရယ်မူကိုတင်သွင်း၍ အခြားတစ်ဖက်တွင် အခြေခံဥပဒေပါခွဲထွက်ခွင့်ကို အသုံးချခွဲထွက်ကာ တစ်ဖက်နိုင်ငံ၌ ဌာနချုပ်တည်ရှိသော ဆီးတိုးစစ်စာချုပ်အဖွဲ့သို့ ဝင်ရောက်ရန် ကြံစည်ခဲ့ကြသည့် လှုပ်ရှားမှုကို တပ်မတော်က အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ခဲ့သဖြင့် ယခုခေတ်တွင် ဆားဗီးယားနိုင်ငံမှ ကိုဆိုဗိုပြည်နယ်ကဲ့သို့တစ်ဖက်သတ်ခွဲထွက်သည့် ဖြစ်စဉ်မျိုးကို စောစီးစွာ ရင်ဆိုင်ကြုံတွေ့ရန် အခြေအနေမှ ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်တွင် တရားဥပဒေစိုးမိုးမှုနှင့် ငြိမ်ဝပ်ပိပြားမှုပြိုကွဲကာ တစ်နိုင်ငံလုံးမင်းမဲ့စရိုက်ဖုံးနေခဲ့သည့် အခြေအနေဆိုးကြီးမှ ကယ်တင်ရန် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာရယူခဲ့ပြီးနောက်ပိုင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသားရေးတာဝန်ကြီးများကို တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ပေသည်။

ဖော်ပြပါ တပ်မတော်၏အတိတ်သမိုင်းကို ပြန်လည်အကျဉ်းတင်ပြရမည်ဆိုပါက တပ်မတော်သည် မိဘသဖွယ်ဖြစ်သော ပြည်သူနှင့်လက်တွဲလျက် တစ်သွေးတည်းတစ်သားတည်းရပ်တည်ကာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲစဉ်များ တစ်လျှောက်လုံးမှာ ဝိုင်းဝန်းထောက်ခံကူညီခဲ့ကြခြင်းဖြင့် လွတ်လပ်ရေးကို ရယူပေးခဲ့ပြီးသည်သာမက လွတ်လပ်ရေးရရှိပြီးသည့်နောက် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲကြီးလေးရပ်ဖြစ်သည့် ၁၉၄၈-၁၉၄၉ ခုနှစ် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးပါတီအကွဲအပြဲအန္တရာယ်၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုမှပြည်နယ်များ ခွဲထွက်သည့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှုဆန္ဒပြမှုအပေါ် ဖြစ်ပွားခဲ့သော ဆိုးကျိုးရလဒ်များဖြစ်သည့် တိုင်းပြည်ပျက်စီးပြီး အချုပ်အခြာအာဏာဆုံးရှုံးရမည့် အန္တရာယ်များ၊ ခေတ်အဆက်ဆက်သမိုင်းပေးတာဝန်များအပြင် သမိုင်း၏ လိုအပ်ချက်အရ ပြည်သူလူထုအပေါ်ကျရောက် လာသည့် သဘာဝဘေးအန္တရာယ်များ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာထိပါးစော်ကားမှုများနှင့် ကြုံတွေ့ရသည့်အခါတိုင်းလည်း တိုင်းပြည်နှင့်လူမျိုးအပေါ် ထာဝရသစ္စာစောင့်သိရိုသေလျက် ပြည်သူများ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ဓာတ်အားပိုမိုထုတ်လုပ်ပို့လွှတ်နိုင်မည်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း ရပ်ကွက်တစ်ရပ်ကွက် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း အင်းတကော်ကျေးရွာအုပ်စုနှင့် သာယာကုန်းကျေးရွာအုပ်စုတို့အား စုစည်း၍ ရပ်ကွက်(၆)ရပ်ကွက် ပါဝင်သော အင်းတကော်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ချင်းပြည်နယ်တွင် လေယာဉ်ကွင်း တည်ဆောက်ရန် ဖြစ်နိုင်ခြေရှိသော နေရာဒေသ သုံးခုအား စစ်ဆေးလေ့လာသည့်အခါ လေယာဉ်ကွင်းတစ်ကွင်း တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုကြီးမားစွာဆောင်ရွက်ရသည့် သဘာဝရှိသည့်အပြင် ပေ ၆၀၀၀ အထက် မြင့်မားသောဒေသများတွင် ဆောက်လုပ်ရမည်ဖြစ်သဖြင့် တည်ဆောက်ရေး ကုန်ကြမ်းပစ္စည်းများရှားပါးခြင်း၊ တည်ဆောက်ရေးပစ္စည်းများ သယ်ယူပို့ဆောင်စရိတ်ကြီးမားခြင်းနှင့် ရောက်ရှိရန် ခက်ခဲခြင်း၊ ကျွမ်းကျင်လုပ်သားများရှားပါး

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်။

ခြင်း၊ စက်ယန္တရားများ သယ်ယူပို့ဆောင်ရန်အထူးခက်ခဲခြင်း၊ ရာသီဥတုပြင်းထန်မှုကြောင့် တည်ဆောက်ပြီး လေယာဉ်ကွင်းကို စံချိန်စံညွှန်းအတိုင်း ဆက်လက်ထိန်းသိမ်းထားရှိရန် စရိတ်ကြီးမားခြင်း၊ လေယာဉ်ကွင်းနှင့် ဆက်သွယ်ရမည့်လမ်းများ ဖောက်လုပ်ရန် လိုအပ်ခြင်းစသည့် ဆောက်လုပ် ထိန်းသိမ်းရေးဆိုင်ရာ အခက်အခဲများနှင့် ကုန်ကျစရိတ် ခန့်မှန်း သုံးဆခန့် ပိုမိုလာမည်ဖြစ်ပါကြောင်း။

တောင်တန်းဒေသများတွင် Air Density နည်းပါးခြင်း၊ လေထု၏ Temperature နည်းပါးခြင်း၊ လေထု၏ Pressure လျော့နည်းခြင်း၊ လေတိုက်နှုန်းမြင့်မားခြင်း၊ လေယာဉ်အင်ဂျင်၏စွမ်းဆောင်နိုင်မှု လျော့ကျလာခြင်းတို့ကြောင့် အန္တရာယ်ကင်းရှင်းစွာ ဆင်း/တက်နိုင်ရန် လိုအပ်သည့် လေယာဉ်ပြေးလမ်း အရှည်ထက် ၃၀ ရာခိုင်နှုန်း တိုးချဲ့တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ် လေယာဉ်ကွင်းတည်ဆောက်ခြင်း လုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၁၀၀၀ လျာထားခွင့်ပြုပါရန် တင်ပြလာခြင်းအား ချင်းပြည်နယ်တွင် လေယာဉ်ကွင်းအစား အခြားလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်း ပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုရန်အတွက် ပို့ဆောင်ရေး Master Plan အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ ထိုစီမံချက်အရ လာမည့် နှစ် ၃၀ အတွင်း ပို့ဆောင်ရေးစကြံများ သတ်မှတ်၍ လိုအပ်သည့် လေဆိပ်များတိုးချဲ့တည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် လေယာဉ်ကွင်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော လေယာဉ်ကွင်းများအား တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထပ်မံတည်ဆောက်ခြင်းများ ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ် တီးတိန်၊ ဖလမ်းနှင့် ဟားခါးမြို့နယ်များတွင် လေယာဉ်ကွင်းဖောက်လုပ်ရန်အတွက်ကွင်းဆင်းတိုင်းတာစစ်ဆေးတွေ့ရှိမှုနှင့် အထက်ပါအကြောင်းအချက်များအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားမှု မပြုလုပ်ခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက အထက်ရဲရွာစီမံကိန်း၊ သူ့ဌေးစီမံကိန်း၊ အထက်ကျိုင်းတောင်းစီမံကိန်း၊ ၅၀၀ ကေဗွီ တောင်ငူ-ကမာနတ်မဟာဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ အထက်ရဲရွာ-ရွှေစာရံ ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ အသုတ်-ပုသိမ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။

ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီလှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်း၊ မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီဓာတ်အားလိုင်း၊ Infrastructure Development in Thilawa Area Japan ODA Phase-1၊ Urgent Rehabilitation and Upgrade Project Japan ODA Phase-1၊ မြစ်သားရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်စပ်တည်ဆောက်မှုဓာတ်အားလိုင်းနှင့် ခွဲရုံများ၊ ဗန်းမော်-နဘား-ငှက်ပျောဒိုင်း-အုန်းတော ဓာတ်အားလိုင်း ၂၈၅ မိုင်နှင့် ခွဲရုံများ၊ World Bank မှ ဆောင်ရွက်မည့် သထုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ၁၂၀ မဂ္ဂါဝပ်၊ ကျောက်ဖြူတွင် Gas Turbine တည်ဆောက်ခြင်း China Loan (၅၀)မဂ္ဂါဝပ်တို့သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းများ ဖြစ်ပါကြောင်း။

ထို့ပြင် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် Losses ကျဆင်းရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ခြင်း၊ မြောက်ဥက္ကလာပ မြောက်ဒဂုံမြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ရေးလုပ်ငန်း၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးလုပ်ငန်း၊ ရန်ကုန်မြို့နယ် (၂၃)မြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးအတွက် အတိုင်ပင်ခံငှားရမ်းခြင်း၊ သီလဝါ SEZ တွင် (၃၃) ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ဓာတ်အား ပိုမိုထုတ်လုပ် ပို့လွှတ်နိုင်မည်ဖြစ်သည့်အပြင် ဓာတ်အား ဖြန့်ဖြူးမှုစနစ်တွင်လည်း ပိုမိုကောင်းမွန်လာနိုင်ပြီး ဓာတ်အားခဝင်ငွေများ ပိုမိုရရှိလာခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ လူနေမှုမြင့်မားလာခြင်း၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းလာခြင်းတို့ကို ဆောင်ရွက်လာနိုင်ပြီး ဝန်ကြီးဌာန၏အရှုံးကို မဖြစ်ပေါ်စေနိုင်ပါကြောင်းနှင့် မိမိတို့နိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံကို ဆောင်ရွက်ပေးခြင်းဖြင့် အခြားကဏ္ဍများတွင်လည်း ဆက်စပ်ဖွံ့ဖြိုးလာမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပြင်ဆင်ရေးဆွဲထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း နှင့် **၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုပြီး အဆိုပါဥပဒေကြမ်းနှစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့မှုကိစ္စများကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။**

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော **UNESCO ၏ Convention for the Safeguarding of the Intangible Cultural Heritage သို့ လက်မှတ်ရေးထိုးဝင်ရောက်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကွန်ဗင်းရှင်းသို့ ပါဝင်ရန် လက်မှတ်ရေးထိုးပြီးပါက မြန်မာနိုင်ငံရှိ မြန်မာ့ရိုးရာဆိုင်းဝိုင်း တီးမှုတ်မှုပညာ၊ အင်းလေးကန်လှေလှော်ဝလေ့နှင့် ရိုးရာနေထိုင်အသက်မွေးခြင်း၊ ရိုးရာသနပ် ခါးလိမ်းမှုဓလေ့၊ ရွှေမျက်ပါးနှင့် ရွှေတောင်စက္ကူပြုလုပ်သည့်လုပ်ငန်း၊ (၁၂)လရာသီပွဲတော်များ စသည်တို့ အပါအဝင် အခြားသော မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်စေရန်နှင့် တည်တံ့နိုင်ရန်အတွက် နိုင်ငံတကာမှ နည်းပညာနှင့်အထောက်အပံ့များရယူပြီး ပိုမိုထိန်းသိမ်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှုဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆွဲဆောင်မှုရှိစေမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

အဆိုပါ **လက်မှတ်ရေးထိုးဝင်ရောက်ရေးကိစ္စကို** လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေ

နေပြည်တော် မတ် ၂၅

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့ပြီး **မြင်းမူမဲဆန္ဒနယ်မှဦးဇော်ဝင်းအောင်၏ မြန်မာနိုင်ငံတွင် အားကစားနည်းပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေပြီး လူငယ်များ၏အကျင့်စာရိတ္တမဏ္ဍိုင် ထိခိုက်နိမ့်ကျမှုဖြစ်ပေါ်နေခြင်းအား မည်ကဲ့သို့ထိန်းသိမ်းဆောင်ရွက်စီစဉ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အားကစားနည်းများတိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရေးအတွက် အချို့အားကစားနည်းများ Sea Games တွင် မပါရှိသော်လည်း အားကစားနှင့်ကာယပညာ သိပ္ပံများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များတွင် အားကစားသမားများ ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးပြီး နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိပါကြောင်း၊ အောက်ခြေတွင် ပျောက်ကွယ်မသွားစေရေးနှင့်မျိုးဆက်သစ်အားကစားသမားများ ဖော်ထုတ်ရရှိရေးအတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးသွားမည်ဖြစ်ပြီး ဒေသအလိုက်ပြိုင်ပွဲများကျင်းပ ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ပံ့ပိုးနေပါကြောင်း။

လူငယ်ထုအတွင်း အကျင့်စာရိတ္တမဏ္ဍိုင် ထိခိုက်နိမ့်ကျမှုမဖြစ်ပေါ်စေရေး၊ အားကစားကို စိတ်ပါဝင်စားလာစေရေး၊ ကျန်းမာကြံ့ခိုင်စေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီ အားကစားအခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့်ကျောင်းသားအားကစားပွဲတော်ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်နေပါကြောင်း၊ အားကစားဝန်ကြီးဌာနတွင် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲကို တိုးချဲ့ဖွဲ့စည်းထားပြီး အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ပြည်သူများ၏ကျန်းမာရေး ကြိုတင်

ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြေကြားစဉ်။ (သတင်းစဉ်)

ကာကွယ်နိုင်ရန် နယ်လှည့်၍ ဆေးကုသပေးခြင်း၊ ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးဝါးများ ဖြန့်ဖြူးပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်ပေးရန်နှင့် ကျေးရွာအုပ်စုတိုင်း၌သားဖွားဆရာမများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ရောဂါရှာဖွေရေးယာဉ်ဖြင့် ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်ကာ ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့်လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်ရေးပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များသည် မြို့နယ်၊ ကျေးရွာများသို့ သွားရောက်ပြီး ရောဂါရှာဖွေစစ်ဆေးမှုများနှင့် ဆေးကုသမှုများ ဆောင်ရွက်ခြင်း၊ ဆေးရုံသို့လွှဲပြောင်းကုသရန် လိုအပ်ပါက ဆက်လက်ကုသမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ရန်ပုံငွေတိုးမြှင့်ပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ (Mobile Medical Unit) များ ဖြည့်ဆည်းခြင်းကိုလည်း စမ်းသပ်စီမံချက်များအနေဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

ပုပ္ပားရုပ်သံစက်ရုံမှ မူလလွှင့်အား 5 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် မတ် ၂၅

ပုပ္ပားရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၆ ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 5KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို အသိပေးတင်ပြထားခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါသဖြင့် မတ် ၁၈ ရက် ညနေ ၆ နာရီထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 5KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်း ဒါရူဆလမ် နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ စဉ်။(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

မတူကွဲပြားသော လူ့အသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာနေထိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ထို့ပြင် ဘရူနိုင်းဘုရင်က မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော ကိစ္စရပ်များသည် ပြည်တွင်းရေးကိစ္စရပ်များသာဖြစ်သည်ဟု ၎င်း၏သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဒေါက်တာလင်းအောင်၊ ဒေါက်တာအောင်ကျော်မြတ်၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်ဘရူနိုင်းနိုင်ငံဘုရင်နှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်သည်မြန်မာနိုင်ငံသို့ ၁၉၉၈ ခုနှစ်တွင် ပထမအကြိမ် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး ယခုခရီးစဉ်မှာ ဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသို့ ပထမအကြိမ် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း ဘရူနိုင်းနိုင်ငံ၌ ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

❄ ကျောဖုံးမှ

စိုက်ပျိုးထားသည့် နာနတ်စိုက်ခင်းတို့ကို လှည့်လည်ပြသသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အဖွဲ့သည် ဧက ၅၀၀ စိုက်ခင်းရှိ အဆင့်မြင့် သစ်သီးဝလံအအေးခန်းနှင့်ထုပ်ပိုးစက်ရုံ၌ခင်းကျင်းပြသထားသည့် ပိန်းဥ၊ ဖရဲသီး၊ သခွားမွှေး၊ ကန်စွန်းဥစသည့် ဈေးကွက်သို့တင်ပို့ရောင်းချမည့်အဆင့်မြင့်သစ်သီးဝလံများ၊ ဆန်နမူနာများ၊ ကြံ၊ ပဲအမျိုးမျိုးနှင့် အအေးခန်းအတွင်း သစ်သီးဝလံများ ဈေးကွက်သို့တင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်သမ္မတက သစ်သီးဝလံနှင့်သီးနှံများအား ရာသီအလိုက် သီးထပ်သီးညှပ်စိုက်ပျိုးနေမှု၊ ထွက်ရှိလာသည့်သီးနှံများအား ဈေးကွက်သို့တင်ပို့ရောင်းချမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အဖွဲ့သည် အလျင်လိုကျေးရွာအနီးရှိ ဒေသခံတောင်သူများ၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ဘရူနိုင်းဘုရင်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ) ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် ဘရူနိုင်းဘုရင်အား ဗိုလ်ချုပ်ကြီး လှဌေးဝင်းက တပ်မတော်စစ်သမိုင်းပြတိုက်၏အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ခဲ့သည်။

ခင်းကျင်းပြသ

တပ်မတော်စစ်သမိုင်းပြတိုက်၌ ရှေးခေတ်မြန်မာ့တပ်မတော်ဖွဲ့စည်းပုံနှင့် အသုံးပြုခဲ့သည့် လက်နက်များ၊ သမိုင်းဝင် မှတ်တမ်းပန်းချီကားချပ်များ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းချိန်မှစ၍ ခေတ်အဆက်ဆက် တပ်မတော်များ၏ အသုံးအဆောင်ပစ္စည်းများနှင့်သမိုင်းဝင်တိုက်ပွဲမှတ်တမ်းများကို ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

ကွမ်ရှီးကျွမ်းဆိပ်ကမ်းများနှင့် မြန်မာနိုင်ငံဆိပ်ကမ်းများ အသုံးပြု၍ အနာဂတ်တွင် ပင်လယ်ပြင်ကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပါတီကော်မတီအတွင်းရေးမှူး Mr.Peng Qinghua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကွမ်ရှီးကျွမ်းဆိပ်ကမ်းများနှင့် မြန်မာနိုင်ငံဆိပ်ကမ်းများ အသုံးပြု၍ အနာဂတ်တွင် ပင်လယ်ပြင်ကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပါတီကော်မတီအတွင်းရေးမှူး Mr.Peng Qinghua နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လူစီးရထားများ၌ iPay ကတ်စနစ်ဖြင့် လက်မှတ်ခပေးချေမှုကို အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်

နေပြည်တော် မတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့ပတ်လမ်းနှင့် ဆင်ခြေဖုံးလမ်းပိုင်းရထားစီးခရီးသည်များ လက်မှတ်ဝယ်ယူမှုလွယ်ကူအဆင်ပြေစေနိုင်ရေးအတွက် iPay ကတ်စနစ်ဖြင့် လက်မှတ်ခပေးချေမှုကို ပုဂ္ဂလိကနှင့်အကျိုးတူ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေး ဖိတ်ခေါ်ထားသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် လူစီးရထားများ၏ ခရီးစဉ်တစ်ကြောင်း စီးနင်းနိုင်သည့် ကျပ် ၂၀၀ တန်၊ ကျပ် ၃၀၀ တန်၊ ကျပ် ၄၀၀ တန် လက်မှတ်များအား iPay ကတ်ဖြင့် လက်မှတ်ခပေးချေရေးဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်သည်။

အဆိုပြုလွှာများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၂၀၁၄ ခုနှစ် ဧပြီ ၁၁ ရက် နောက်ဆုံးထား၍ ပေးပို့သွားကြရန် အဆိုပြုလွှာအတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကိုတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် မတ် ၂၈ ရက်မှစ၍ အမှတ် (၇) တိုင်း၊ ရန်ကုန်ဘူတာကြီး မန်နေဂျာ (သွားလာရေး/တိုင်း) သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လှိုင်ကော်ရုပ်သံစက်ရုံမှ မူလလွှင့်အား 1KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် မတ် ၂၅

လှိုင်ကော် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၁၉ရက်မှ ၂၅ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 1 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို အသိပေးတင်ပြထားခဲ့ပြီးဖြစ်သည်။ ယခုအခါ Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် မတ် ၂၄ ရက် ညနေ ၆ နာရီ ထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 1 KW ဖြင့် ပြန်လည်ထုတ်လွှင့် ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဦးလေဦးအန္တရာယ် စပါးများအမိုးအကာအောက်ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအခါ နွေရာသီကျရောက်ပြီဖြစ်ပါသည်။ မကြာမီ မိုးဦးလေဦး ကျရောက်တော့မည်ဖြစ်ပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသော နွေသီးနှံများကို အချိန်မီရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက် ရောက်ရှိရေး၊ သီးနှံများ မပျက်စီးမဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **“ ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်”** တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ မပျက်စီးစေရေး၊ အချိန်မီ အမိုးအကာအောက်ရောက်ရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်းစီ၏ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်း အမှန်တကယ်တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ရာသီလိုက် တစ်ပြိုင်တည်းရင့်မှည့်လာကြမည့် စပါးခင်းများကို အချိန်မီရိတ်သိမ်းနိုင်ရန်မှာ လယ်ယာလုပ်သားရှားပါးမှု အခက်အခဲကြောင့် တောင်သူလယ်သမားများ အခက်အခဲတွေ့ရှိနေကြပြီး၊ စပါးများ အလေအလွင့်ဆုံးရှုံးမှုများပြားနေကြသည်ကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့်အချိန်မီတလင်းပျောက်စနစ် ရိတ်သိမ်းခြင်းနည်းလမ်းအားဖြင့် ကုစားဖြေရှင်း ဆောင်ရွက်ပေးရပါမည်။

၅။ ကျေးလက်နေတောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေး၊ ဤအမျိုးသားရေးတာဝန်အပေါ်တွင် **“စပါးရိတ်သိမ်းချိန်ရိတ်သိမ်းခြွေလှေ့စက်များအား”** တောင်သူလယ်သမားများ လက်လှမ်းတမီ အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီရိုင်းပင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံဘုရင်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်တို့သည် နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော် ဘရူနိုင်းနိုင်ငံဘုရင်တို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားနှင့် ပဒေသာကပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၄ ခုနှစ် (၁၅)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၃ ရက် နံနက် ၉နာရီခွဲက ဗဟန်းမြို့နယ်ကျောက်ဆည်မော်ရုံ၌ ကျင်းပရာ သဘာပတိ ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက် ၇၅ နှစ်နှင့်အထက် ၅၃ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်း ၁၃ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ငါးဦးတို့ကို ထောက်ပံ့ငွေနှင့်ဆုတံဆိပ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။

အေးသန်း(ကြေးမုံ)

ခေတ်အေးကျေးရွာ၌ စုပေါင်းရှင်ပြုအလှူပွဲကျင်းပ

နေပြည်တော် မတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလနှင့် ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ရှင်ပြုအလှူပွဲကို မတ် ၂၀ ရက်က အဆိုပါကျေးရွာ ရန်အောင်မြင်ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပင့်သံဃာ ၅၅ ပါးတို့အား ဆွမ်း၊ သင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ခေတ်အေးကျေးရွာနှင့်အနီးဝန်းကျင်မှ ချောင်းဖျား၊ ကျောက်ဖျာ၊ တဲကုန်းကျေးရွာများမှ ရှင်သာမဏေလောင်း ၃၅ ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်ပေးခဲ့ပြီး သံဃာတော်အရှင်သူမြတ်များထံမှ တရားတော်များ နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

တင်မောင်လွင်

အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း နိုင်ငံတော်သမ္မတ၏ဆောင်ရွက်မှုများ (ပထမနှစ်) စာအုပ်ထွက်ရှိ

နေပြည်တော် မတ် ၂၅

စာရေးသူမျိုးအောင်(ရက္ခဗေဒ) စုစည်းတင်ပြထားသည့် အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုများ (ပထမနှစ်) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်တွင် စာရေးသူက သမ္မတဦးသိန်းစိန်သည် အာဏာလွှဲပြောင်းရယူချိန်မှစ၍ အားလုံးကို အံ့အားသင့်သွားစေခဲ့သော ခြေလှမ်းများ တောက်လျှောက်လှမ်းခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မိန့်ခွန်းမှ အစချီ၍ မည်သူမျှ ထင်မှတ်မထားခဲ့သော ဒီမိုကရေစီ၏ တာထွက်ကို လျှောက်လှမ်းခဲ့ကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းကို ပြုပြင်ပြောင်းလဲရန်ကြိုးပမ်းဆောင်ရွက်သူတစ်ဦးအဖြစ် ပုံရိပ်များအထင်အရှား ထွက်ပေါ်လာပြီးနောက် ကမ္ဘာကစောင့်ကြည့်ရသည့် ခေါင်းဆောင်တစ်ဦးအဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ဤမှတ်တမ်းသည် မူလကရက်ပေါင်း ၁၀၀ အကဲဖြတ်ချက်အဖြစ် ထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း ကြီးမားသော ပြုပြင်ပြောင်းလဲမှုများမှာ ရက် ၁၀၀ နောက်ပိုင်း ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့ရာ ရက် ၁၀၀ မှသည် တစ်နှစ်တာဆီသို့ ပြောင်းလဲပြုစုခဲ့ခြင်းဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အပြင် စာရေးသူက ဒီမိုကရေစီ ခရီးရှည်ကြီးသည် ယခုအစိုးရသက်တမ်းသာမက နောက်အစိုးရ အဆက်ဆက်တွင်လည်း ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကို ဦးဆောင်ရသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စိန်ခေါ်မှုများ၊ အခက်အခဲများကိုလည်း ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ ဗဟိုဦးစီးစနစ်နှင့် ကာလရှည်ကြာအသားကျနေခဲ့သော အုပ်ချုပ်ရေးယန္တရားသာမက ဗဟိုဦးစီးစနစ်နှင့် ယဉ်ပါးခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်းကိုလည်း အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် အစပြုဆောင်ရွက်ပေးခဲ့သူလည်းဖြစ်သည်။ အပေါ်မှအပြောင်းအလဲကို စံနမူနာပြဆောင်ရွက်ခဲ့သော သမ္မတဦးသိန်းစိန်သည် နိုင်ငံတကာက အံ့ချီးရလောက်သော အပြောင်းအလဲများကို ဖန်တီးဖော်ဆောင်ခဲ့သူဖြစ်သည်၊ အစိုးရသစ်လက်ထက် စိန်ခေါ်မှု(၃)ရပ်ဟု သတ်မှတ်ခဲ့ကြသော (၁)ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ၊ (၂)တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ (၃)ဆင်းရဲနွမ်းပါးမှု နွံနစ်နေခြင်းစသည်တို့ကို အကောင်းဆုံးရင်ဆိုင်ဖြေရှင်းနိုင်ခဲ့သည့် သာဓကကို အထင်အရှားတွေ့မြင်ရသည်ဟူ၍ လည်းကောင်း။

ခေတ်သစ်စနစ်သစ်ကို အစပြုဖော်ဆောင်ရာတွင် နိုင်ငံနှင့်ပြည်သူကို ဦးဆောင်ဦးရွက်ပြုမည့် ခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ အထူးပင်အရေးကြီးလှပေသည်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရသည့် ဤအနေအထားမျိုးတွင် သမ္မတဦးသိန်းစိန်၏ ဦးဆောင်မှုသည် သမိုင်းတွင်ခဲ့ပြီဖြစ်သည်၊ ဤသမိုင်းမှတ်တမ်းသည် ကမ္ဘာတည်သရွေ့တည်ရှိနေတော့မည်ဖြစ်ပြီး အနာဂတ်ဒီမိုကရေစီ အဆင့်ဆင့်တွင်လည်း အသွင်ကူးပြောင်းရေးကို အစပြုဆောင်ရွက်ခဲ့သော သမ္မတ ဦးသိန်းစိန်၏အခန်းကဏ္ဍမှာ အထင်အရှား ကျန်ရစ်နေတော့မည်ဖြစ်သည်၊ ထို့ကြောင့်လည်း ဤမှတ်တမ်းကို "အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း" ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်၊ အမှန်စင်စစ် သမ္မတဦးသိန်းစိန်၏ ဒီမိုကရေစီခရီးအစသည် မြန်မာပြည်သူများ၏ ဒီမိုကရေစီခရီးအစပင်ဖြစ်ပေလိမ့်မည်၊ ဤခရီးကား မနီးလှပါ။ သို့သော် အဆိုပါ မနီးလှသော ခရီး၏အစသည် မျှော်လင့်ချက်များစွာ မြင့်မားစေသော အစခြေလှမ်းဖြစ်ခြင်းကြောင့် "အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း" သည် ခရီးရှည်ကြီးအတွက် လှပသော အဖွင့်ဖြစ်မည်ဟု ယုံကြည်မိပါသည်ဟုလည်းကောင်း ဆိုထားသည်။

ယင်းစာအုပ်တွင် သမ္မတ၏ ကိုယ်ရေးမှတ်တမ်း၊ အခန်း(၁)သမ္မတ၏ မိန့်ခွန်းများ၊ အခန်း(၂)အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုမှတ်တမ်း(ပထမနှစ်)၊ အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း ဟု အခန်းများခွဲထားပြီး ယင်းစာအုပ်ကို ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျောက်ဆည်မြို့နယ်တွင် သန့်ရှင်းသောသောက်သုံးရေ ရာနှုန်းပြည့်လွှမ်းခြုံလျက်ရှိ

ကျောက်ဆည် မတ် ၂၅

ကျောက်ဆည် မြို့နယ်တွင် ရပ်ကွက်ကြီး (၁၀)ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၁၃ရွာရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ အပြည့်အဝ သုံးစွဲနိုင်ရေး တစ်ရက်ရေဂါလန် ၃၁၃၇၈၄၀ လိုအပ်လျက်ရှိရာ မြို့နယ်အတွင်းကပင် တစ်ရက်ရေဂါလန် ၁၀၄၉၄၈၆၃ ဂါလန်ရရှိနေသောကြောင့် သန့်ရှင်းသော သောက်သုံးရေ လွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ဆည်မြောင်းကန်ချောင်းများရှိသော်လည်း စိုက်ပျိုးရေသာ အဓိကအားထားအသုံးပြုပြီး သန့်ရှင်းသောသောက်သုံးရေကို ရေတွင်းရေကန်များမှသာ အသုံးပြုလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလိုအပ်ချက် မြင့်တက်လာသည်နှင့်အမျှ စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ သန့်ရှင်းသောသောက်သုံးရေ လိုအပ်ချက်အစဉ်အမြဲရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်မှုများကို "ကျွန်တော်တို့မြို့နယ်မှာ သောက်သုံးရေလိုအပ်ချက် ပြည့်မီအောင် ရရှိပါတယ်။ ရေလိုအပ်ချက်မြင့်တက်လာမှုကို ဖြည့်ဆည်းပေးနိုင်အောင် ကျွန်တော်တို့ဌာနက ဒီဘဏ္ဍာနှစ်မှာ လေးလက်မစက်ရေတွင်း နှစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ တစ်တွင်းကို ငွေကျပ်သိန်း ၁၆၀ ကုန်ကျပါတယ်၊ ရေလှောင်ကန်၊ ရေစက်ရုံတွေပေါ့၊ ကလေးကျေးရွာမှာ တူးတဲ့ စက်ရေတွင်း နောက်တစ်တွင်းကတော့ ရန်ဘက်လိုကျေးရွာမှာတူးပေးထားပါတယ်" ဟုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမြင့်၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကလေးကျေးရွာမှ ဒေသခံဦးမြဝင်းကလည်း စက်ရေတွင်းတူးဖော်ပေးမှုနှင့် ပတ်သက်ပြီး "ကျွန်တော်တို့ရွာမှာ အရင်က မြောင်းရေကို အဓိကသုံးတာပါ၊ တုံကင်တွင်းတွေတော့ ရှိတာပေါ့၊ အဲဒါတွေကလည်း ပေ ၃၀၊ ၄၀ ရေကြောကိုဖမ်းတူးထားတော့ အခုပေ ၄၆၀အနက်ရှိတဲ့ တွင်းလောက်တော့ မကောင်းဘူး၊ အခုတော့ ရေခလုတ်ဖွင့်ပြီး ခပ်ရုံပဲ၊ အဆင်ပြေသွားတာပေါ့" ဟု ပြောပြသည်။

ကျောက်ဆည် မြို့နယ်အတွင်းတွင် ဆည်မြောင်းကန်ချောင်းပေါများသကဲ့သို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အလှူရှင်နှင့် ပုဂ္ဂလိကတို့က တူးဖော်ထားရှိသည့် ရေတွင်းရေကန်များမှာ စက်ရေတွင်း ၂၂၉ တွင်း၊ တုံကင် ၆၇၄၃တွင်း၊ လက်တူးရေတွင်း ၁၁၉၀ တွင်း၊ မိုးရေလှောင်ကန် ၉၅ ကန်၊ မြစ်ရေတင် ၁၀ခု၊ စိမ့်စမ်းရေ ငါးကန်ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

မြို့နယ်အလိုက်၊ ကျေးရွာအလိုက် တောင်သူပညာပေးစိုက်ကွင်းများ ထူထောင်ပေးနိုင်ရေး နှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သီးနှံများ အထွက်နှုန်းတိုးစေရေးနှင့် အရည်အသွေးကောင်းစေရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို သီးနှံအမယ်အလိုက်ပြောင်းလဲကျင့်သုံးနိုင်ကြရန် လိုအပ်လျက်ရှိပါသည်။

၂။ နေပြည်တော်ကောင်စီနယ်မြေတွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းကြီးများ ထူထောင်ပြသထားရှိသော်လည်း ပြည်ထောင်စုတစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၄၀၀၀ ကျော်မှ လာရောက်လေ့လာနိုင်ကြရန် အလှမ်းဝေးပါသည်။

၃။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျေးရွာတိုင်းတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပျံ့နှံ့ရေးအတွက် စံနမူနာပြစံပြစိုက်ခင်းများ ထူထောင်နိုင်မှသာလျှင် တောင်သူလယ်သမားများ လက်လှမ်းတမီ လေ့လာအတုယူနိုင်မည်ဖြစ်ပါသည်။

၄။ ပထမအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် **"မြို့ကြီးစုစုပေါင်း၃၃၀တွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းကြီးများ ပေါ်ထွန်းလာရေးအတွက်"** တောင်သူလယ်သမားများ၏ အကျိုးအား ရှေးရှုပြီး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ပြည်တွင်းသတင်း

မြန်မာလွှတ်တော်မှဆောင်ရွက်လျက်ရှိသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ကုလသမဂ္ဂမဟာမင်းကြီးများရုံး(OHCHR)မှ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၏ ဒုတိယအကြီးအကဲဖြစ်သူ Ms. Heike Aletsen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1)၌ လက်ခံတွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်ရေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာလွှတ်တော်မှ ဆောင်ရွက်လျက်ရှိသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ OHCHR မှ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၅

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက တိုင်းဒေသကြီး လွှတ်တော်သို့ မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်ခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)၊ ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ဥပဒေ(မူကြမ်း)နှင့် ပဲခူးတိုင်းဒေသကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးနှင့် စီမံရေးရာကော်မတီအတွင်းရေးမှူးက စိစစ်တွေ့ရှိချက်အစီရင်ခံစာတို့ကို တင်ပြခြင်း၊ နိုင်ငံတော်မူဝါဒအကောင်အထည်ဖော်နေသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးနည်းစနစ်ကဲ့သို့ အခြေခံလုပ် ဆောင်ချက်ချင်းတူညီသောSRIစိုက်ပျိုးနည်းစနစ်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အားပေးကူညီရန် တိုက်တွန်း ကြောင်း အဆိုတင်သွင်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မည်သည့်လုပ်ငန်းမဆို အခက်အခဲစိန်ခေါ်မှုများရှိစမြဲဖြစ်ရာ လုပ်ငန်းအောင်မြင်ရေးအတွက် စိတ်ရှည်သည်းခံပြီးစုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မတ် ၂၅

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့သည့် သက်တမ်းသည် ၂၀၁၄ ခုနှစ် မတ်လတွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာပါဆောင်ရွက်ရန်အချက်များအနက် ဖော်ဆောင်ခဲ့ပြီးသည့် လုပ်ငန်းများရှိသကဲ့သို့ ကျန်ရှိနေသည့် လုပ်ငန်းများကိုလည်း အချိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြေယာလျော်ကြေးငွေနှင့် ထောက်ပံ့ကြေးငွေဆိုင်ရာအငြင်းပွားမှုများအား စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများ ဖော်ဆောင်လျက်ရှိသည့် Knight Pie' sold Pty.Ltd. က အဖွဲ့လေးဖွဲ့ဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက် ESIA အစီရင်ခံစာ (မူကြမ်း)ပါ အချက်အလက်များကို ၂၀၁၄ ခုနှစ် မတ်လ ၇ ရက်မှ ၂၀ ရက်အထိ ကျေးရွာပေါင်း ၂၉ ရွာသို့ သွားရောက်၍ ဒေသခံပြည်သူများသို့ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်များတွင် ပါဝင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြေပြင်တွင် လက်တွေ့ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းအောင်မြင်ရေးနှင့်အတူ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် စေတနာထားဆောင်ရွက်ပေးနေကြောင်း နားလည်သိရှိစေရန် အခြေအနေမှန်များကို သတင်းမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးခြင်းဖြင့် ပြင်ပသွေးထိုးလှုံ့ဆော်မှုပယောဂများ လျော့ကျသွားစေမည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန် အတွက် သင်တန်းပေး လေ့ကျင့်ပြီးသော ဒေသခံအလုပ်သမားများအပါအဝင် တာဝန်ပေးခန့်အပ်ထားသည့်အလုပ်သမား အဆင့်အတန်းအားလုံး၏ ရသင့်ရထိုက်သည့်ရပိုင်ခွင့် အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

စီမံကိန်း လုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (CSR) အရ ယခုလာမည့်နှစ်တွင် ဆက်လက်ဖော်ဆောင်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအဆင့်အလိုက် ကြိုတင် လျာထားသတ်မှတ်ထားရန် ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမဆို အခက်အခဲစိန်ခေါ်မှုများ ရှိစမြဲဖြစ်ရာ လုပ်ငန်းအောင်မြင်ရေး အတွက် စိတ်ရှည်သည်းခံပြီး စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

သတိပေးကြေညာချက်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး/ပုစွန် သယံဇာတမျိုးမပြုန်းတီးစေရေး၊ ရေရှည်သားစဉ်မြေးဆက် ဖမ်းဆီးထုတ်လုပ်နိုင်စေရေးအတွက် ငါး/ပုစွန် သယံဇာတကို ထိန်းသိမ်းသည့်အနေဖြင့် ငါး/ပုစွန်များ သားပေါက်ဖွားကြီးပြင်းရာသီချိန်ဖြစ်သော ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် မေ ၃၁ ရက်အထိကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ (ဘုံကျောင်းကျားပိုက်၊ ကျားဖောင်နှင့် ကျားပိုက်ကိရိယာများအပါအဝင်) အားလုံးကို ငါးမဖမ်းရရာသီ (Closed Season)အဖြစ်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ အောက်ဖော်ပြပါ ငါးဖမ်းကွက်များအား ငါးမဖမ်းရဧရိယာ (Closed Area)အဖြစ်လည်းကောင်း၊ ၁၉-၃-၂၀၁၄ ရက်နေ့စွဲပါ ညွှန်ကြားချက်အမှတ်၊ (၄/၂၀၁၄)ဖြင့် ထုတ်ပြန်တားမြစ်ထားပြီးဖြစ်ပါသည်-

(က) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် အမှတ် A1မှ A20 အထိ, B1မှ B10 အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ခ) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် B11 မှ B20 အထိ, C1မှ C25 အထိနှင့် D1, D4, D5, D9, D10, D14, D15, D19, D20)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ဂ) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ် (ငါးဖမ်းကွက် D2, D3, D6, D7, D8, D11, D12, D13, D16, D17, D18, D21, D22, D23)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ဃ) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၅၈ စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် D24မှ D29အထိ, E1မှ E25 အထိနှင့် F1 မှ F21 အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

ငါးမဖမ်းဆီးရရာသီ၊ ငါးမဖမ်းဆီးရဧရိယာအဖြစ် ပိတ်ပင်ထားသည့်ကာလအတွင်း ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ရေလုပ်ငန်းနှင့် ဆက်နွှယ်နေသော မိသားစုများ အဆင်ပြေစေရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက်ရှိ ကုမ္ပဏီအလိုက်၊ ငါးချဆိပ်ကမ်းအလိုက်၊ အသင်းအဖွဲ့အလိုက်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်စင်းရေ၏ ၆၅ ရာခိုင်နှုန်း ငါးဖမ်းရေယာဉ်စင်းရေကို ငါးဖမ်းဆီးခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၀၀	ပြည်တွင်းသတင်း
၉း၃၀	(၆၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၉း၅၅	**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု သက်တမ်း (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည့်မိန့်ခွန်းတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်**
၁၂း၂၅	ဖျော်/မည်းရုပ်ရှင် **နှစ်မွှာအသည်း** (ဝင်းညွှန့်၊ မေသစ်၊ စန္ဒာ) ဒါရိုက်တာ(ဦးတင်မောင်)
၁၄း၄၅	(၆၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၅း၃၀	ဒို့ရွာကိုရောက် Set top Box
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅	ပြည်သူတို့ရဲ့စကားသံများ
၂၀း၅၀	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ - **သူရဲကောင်းတို့မွေ့လျော်ရာ** (ပထမပိုင်း) သျှားညို၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ ဇော်ဦး၊ ဇင်ဝိုင်း၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ၊ (ဒါရိုက်တာ- သက်တင်)

စာမျက်နှာ ၆ မှ

ဘက်မှ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ခဲ့သည့်သာဓကများ ဖြစ်တည်ခဲ့ပါကြောင်း လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတည်ဆောက်ထူထောင်ရေး State Building နှင့်အမျိုးသားထူထောင်ရေး Nation Building တည်းဟူသော အမျိုးသားရေးလုပ်ငန်းတာဝန်များကို ထိုက်သင့်သည့် အတိုင်းအတာတစ်ခုအထိ တပ်မတော်က အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ယခင်က တပ်မတော်သည် နိုင်ငံတော်ကို အဖျက်သမားရန်မှ ကာကွယ်ရေးကို အဓိကထားလုပ်ဆောင်ခဲ့ရသော်လည်း ယနေ့မျက်မှောက်ကာလတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ဦးဆောင်ဦးရွက်ပြုကာ ရှေးရှုချီတက်နေသည့် အမျိုးသားရေးအင်အားစုဖြစ်သည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ၏အခန်း (၇)တပ်မတော်အခန်းပုဒ်မ ၃၃၇ တွင် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်" ဟု လည်းကောင်း၊ ပုဒ်မ ၃၃၉ တွင် "နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၄၁ တွင် "နိုင်ငံတော်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်"ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားပါသည်။

ယမန်နှစ်(၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က မိန့်ခွန်းမြွက်ကြားရာ၌ **"၁၉ ရာစု နှောင်းပိုင်းတွင် ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံအား သုံးကြိမ်တိုင်တိုင် နယ်ချဲ့စစ်ပွဲဆင်နွှဲပြီး မတရားသိမ်းပိုက်ခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်ကျရောက်ခဲ့ရပြီး ပြည်သူအများ သူ့ကျွန်ဘဝရောက်ခဲ့ရကြောင်း တိုင်းရင်းသားပြည်သူများ သူ့ကျွန်ဘဝတွင် အသက်၊ သွေး၊ ချွေးများစွာကျရောက်ပေးဆပ်ခဲ့ရသကဲ့သို့ မျက်ရည်အတိ စိတ်ခံစားမှုအဖုံဖုံနှင့် ဒုက္ခရောက်ခဲ့ခြင်းမှာ သူ့ခေတ်သူ့အခါနှင့်အညီ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် ခေတ်မီတပ်မတော်မရှိခဲ့၍ဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး သခင်အောင်ဆန်း ဦးဆောင်သည့် မျိုးချစ်လူငယ် ၃၀ သည် ဂျပန်တို့ထံမှ စစ်ပညာသင်ကြားကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ကြကြောင်း၊ ထို့နောက် အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လုံးဝလွတ်လပ်ရေးရရှိခဲ့ကြောင်း၊ ဤသမိုင်းကြောင်းများအရ နိုင်ငံတော်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးလျှင် ပြည်သူပြည်သားအားလုံးဆင်းရဲဒုက္ခခံစားကြရသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုအဖြစ်ဆိုးမျိုး ပြန်မကြုံတွေ့ရအောင် ဆောင်ရွက်ရန်မှာ မိမိတို့တပ်မတော်နှင့်အတူ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း"**ကို လည်းကောင်း၊ **"ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ပြီး စုစည်းညီညွတ်သည့် ပြည်ထောင်စုကြီးဖြစ်လာစေရေးအတွက် ရိုးသားမှု၊ ကတိတည်မှုနှင့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပေါ် စိတ်ကောင်း စေတနာကောင်းထားရှိရန်"** လိုအပ်ကြောင်းကိုလည်းကောင်း၊ **"လွန်ခဲ့သောနှစ် ၇၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်းကြိုတင်မျှော်မှန်းထားသည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့်တပ်မတော်ဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုများကို ကောင်းစွာကာကွယ်နိုင်ရန် ကြည်း၊ ရေ၊ လေတပ်ပေါင်းစုအားလုံး ခေတ်မီရေး၊ အစွမ်းထက်ရေးကို ခေတ်နှင့်အညီ အမီလိုက်နိုင်အောင် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်"**ဖြစ်ကြောင်းကိုလည်းကောင်း၊ **"နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများနှင့်အညီ ဒေသတွင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်မှုပိုမိုရရှိအောင် ဆောင်ရွက်နေကြောင်း၊ မိမိတို့တပ်မတော်သည်လည်း အာဆီယံကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ဆောင်ရွက်မှုများတွင် နိုင်ငံတကာအဆင့်မီ အရည်အချင်းပြည့်ဝစွာဖြင့် လုပ်ကိုင်နိုင်အောင် ပြင်ဆင်ဆောင်ရွက်သွားခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်၊တပ်မတော်၏ဂုဏ်ကို မြင့်မားအောင်ဖော်ဆောင်သွားကြရန်"** ကိုလည်းကောင်း၊ အလေးအနက်ထည့်သွင်းမှာကြားခဲ့ပါသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်တပ်မတော်နှင့် ပြည်သူတို့အစဉ်အမြဲလက်တွဲကာ (၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များဖြစ်သော **"ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏အမျိုးသားလုံခြုံရေး အခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးတို့ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး"** စသည်တို့ကို အလေးထား ဖော်ဆောင်နိုင်ကြပါစေကြောင်း (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုရေးသားတင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၆၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာတွင် လေးလက်မစက်ရေတွင်းဖွင့်

နေပြည်တော် မတ် ၂၅

(၆၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာတွင် လေးလက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက်က အဆိုပါစက်ရေတွင်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှထွေးက စက်ရေတွင်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ချောင်းဆုံကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရေတွင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အခမဲ့တူးဖော် ကူညီပံ့ပိုးခဲ့ပြီး Submusible Pump ကိုပါ တပ်ဆင်ပေးခဲ့သည်။ အလားတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်၊ မီးစက်ရုံများ၊ တည်ဆောက်ရန်အတွက် ငွေကျပ် ၃၅ သိန်း ပံ့ပိုးပေးခဲ့သည်။ စက်ရေတွင်းစုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၁၇၀ ဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် စေတနာရှင်အလှူရှင်များ၊ ကျေးရွာလူထု၏ အလှူငွေများဖြင့် အောင်မြင်စွာ တူးဖော်ဖွင့်လှစ်နိုင်ခဲ့ကာ သန့်ရှင်းသော သောက်သုံးရေအဆင်ပြေစွာ ရယူသုံးစွဲနိုင်သဖြင့် ကျေးရွာအုပ်စု ပြည်သူလူထုတစ်ရပ်လုံး ဝမ်းသာပျော်ရွှင်နေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၄ ရက်ညနေပိုင်းက ကြက်သွန်ဖြူအိတ်များ အဆမတန် တင်ဆောင်လာသည့် သုံးဘီးဆိုင်ကယ်(ဒေသအခေါ် ဆမ်လော့) တစ်စီး တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဝန်ထမ်းကုန်း အတက်တွင် မတက်နိုင်ဘဲ ကုန်းဆင်းအတိုင်း ပြန်လိမ့်လာကာ ဦးထောင်သွားသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ရာ မည်သည့်ယာဉ်မဆို သတ်မှတ်ခံနိုင်ဝန်ထက် ပိုမိုတင်ဆောင်ခြင်းသည် အန္တရာယ်ကို လက်ကမ်းကြိုဆိုနေခြင်းပင်ဖြစ်ကြောင်း သတိပြုဖွယ်ရာအဖြစ် မှတ်တမ်းတင်လိုက်ရပါသည်။ မောင်ယဉ်ကျေး

❖ ကျော့ဖုံးမှ

ဆွေမျိုးသားချင်းများ မကျေမနပ်ဖြစ်ခဲ့ကြရသလို တရုတ်နှင့်မလေးရှားအကြားဆက်ဆံရေးပါ တင်းမာလာခဲ့သည်။

ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်ပြီး မလေးရှားဝန်ကြီးချုပ် ထုတ်ဖော်ပြောကြားအပြီးတွင် တရုတ်ဒုတိယဝန်ကြီးချုပ် ရှီဟန်ရှုန်က ပျောက်ဆုံးလေယာဉ်၏ ကံကြမ္မာကို အပြတ်အသတ်ပြောနိုင်ရအောင် အထောက်အကူပြုသည့် မလေးရှားလက်ထဲက ဂြိုဟ်တုပုံရိပ်များကို တရုတ်အစိုးရအား လွှဲပြောင်းပေးအပ်ရန် တောင်းဆိုခဲ့သည်။ ထို့ပြင် တရုတ်ဒုတိယဝန်ကြီးချုပ်က ပျောက်ဆုံးလေယာဉ်ဆိုင်ရာ သတင်းအတိအကျကို မလေးရှားထံမှ တောင်းယူမည်ဖြစ်သကဲ့သို့ မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် တရုတ် အထူးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား ကွာလာလမ်ပူသို့ စေလွှတ်မည်ဟုဆိုသည်။

မလေးရှားပို့ဆောင်ရေးဝန်ကြီးက ဂြိုဟ်တုအချက်အလက် ခွဲခြမ်းစိတ်ဖြာမှုမှ တွေ့ရှိချက်များကြောင့် မြောက်ပိုင်းပျံသန်းရေလမ်းကြောင်းအပေါ် ရှာဖွေမှုများရပ်စဲလိုက်သည့်အပြင် တောင်ပိုင်းပျံသန်းရေးလမ်းကြောင်း၏ မြောက်ပိုင်းအရပ်ရှိ ရှာဖွေမှုများကိုပါ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမှ ပျောက်ဆုံးလေယာဉ်ရှာဖွေသူအားလုံးမှာ တောင်ပိုင်း ပျံသန်းရေးလမ်းကြောင်း၏ တောင်ပိုင်းအရပ်သို့ အားစိုက်ဖော်ထုတ်ရှာဖွေမှုများ ပိုမိုပြုလုပ်လာကြကြောင်း ဆိုသည်။ ထို့ကြောင့်လည်း အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်း၌ လေးရက်ကြာ နိုင်ငံတကာအဖွဲ့၏ အင်တိုက်အားတိုက် ရှာဖွေမှုများလည်း အဆုံးသတ်သွားပြီဖြစ်သည်။

ယခုဦးစားပေးရှာဖွေမှုပြုလုပ်နေသော တောင်ပိုင်းပျံသန်းရေး လမ်းကြောင်း၏ တောင်ပိုင်းအရပ်၏ ရှာဖွေနယ်နိမိတ်မှာ စတုရန်းရေမိုင် ၄၆၉၄၀၇ မိုင်သာရှိတော့သည်ဖြစ်ရာ မတ် ၁၈ ရက်က ပိုက်စိပ်တိုက်ရှာဖွေမှုပြုလုပ်ခဲ့သောစတုရန်းရေမိုင် ၂ ဒသမ ၂၄ သန်းရှိရာ ရှာဖွေနယ်နိမိတ်ထက်အဆများစွာ ကျဉ်းမြောင်းသွားပြီဖြစ်သည်။

တရုတ်နိုင်ငံမှ ရေယာဉ်ခြောက်စင်းမှာ ရှာဖွေနယ်နိမိတ်အတွင်း၌ ရှိနေဆဲဖြစ်ပြီး ပျောက်ဆုံးလေယာဉ် နောက်ဆုံးရောက်ရှိကြောင်း အများက ယူဆခဲ့ကြသည့် နေရာအနီးတစ်ဝိုက်သို့ မတ် ၂၆ ရက်နံနက်ပိုင်းတွင် ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်းဆိုသည်။ ထို့ပြင် မလေးရှား ပို့ဆောင်ရေးဝန်ကြီးက မတ် ၂၅ ရက် နံနက်ပိုင်းက ကိုရီးယားလေယာဉ်နှစ်စင်း မလေးရှားနိုင်ငံ ဘူတန်လေဆိပ်မှ ပတ်သ်မြို့သို့ထွက်အပြီး နိုင်ငံတကာ ရှာဖွေရေးအဖွဲ့နှင့်သွားရောက်ပူးပေါင်းမည်ဖြစ်ကြောင်း၊ ဩစတြေးလျရေယာဉ် HMAS Success ကလည်း ရှာဖွေနယ်နိမိတ်အတွင်း ရှိနေဆဲဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

လေယာဉ်၏ black box ကို ခြေရာခံရှာဖွေနိုင်သော အမေရိကန် Towed Pinger Locater ကလည်း ပတ်သ်မြို့သို့သွားရောက်နေဆဲဖြစ်ပြီး မတ် ၂၆ ရက်တွင် ပတ်သ်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ ယင်းခြေရာခံပစ္စည်းကို ဩစတြေးလျသင်္ဘော Ocean Shield ပေါ် တပ်ဆင်ကာ ပျောက်ဆုံးလေယာဉ် ရှာဖွေရေးကို စနစ်တကျ လုပ်ဆောင်မည်ဖြစ်သည်။ သို့သော်လည်း ခြေရာခံပစ္စည်း တင်ဆောင်သွားမည့် Ocean Shield သင်္ဘောသည် မတ်လ ၂၈ ရက်တွင် ပတ်သ်မြို့သို့ရောက်ရှိလာမည်ဖြစ်ပြီး ရှာဖွေနယ်နိမိတ်အတွင်းဧပြီ ၅ ရက်တွင် ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်းဆိုသည်။ **(ရိုက်တာ/ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာ့မီးရထား ဥပဒေအရ ရထားတိုက်မိပါက တိုက်ခံရသူသာ အရေးယူခံရမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့မီးရထားပိုင် ဧရိယာများအတွင်း မည်သူမျှ ဝင်ရောက်ကျူးကျော်ခွင့် မရရှိနိုင်အောင် အစီအစဉ်များ ချမှတ်ရန်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ သိရသည်။

"ရထားလမ်းဆိုတာ ကန့်သတ်ထားတဲ့ဧရိယာဖြစ်ပါတယ်။ ရထားလမ်းပေါ်မှာ ဈေးရောင်းတာခွင့်ပြုမထားပါဘူး။ မော်တော်ယာဉ်တွေ၊ မော်တော်ဆိုင်ကယ်တွေနဲ့ အခြားစက်တပ်ယာဉ်တွေမှာ စည်းကမ်းကလူ သို့မဟုတ် အရာဝတ္ထုတွေနဲ့ တိရစ္ဆာန်တွေကို တိုက်မိရင် ဥပဒေအရ အရေးယူခံရမှာဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံရဲ့ မီးရထားဥပဒေမှာတော့ ပြောင်းပြန်ဖြစ်ပါတယ်။ ရထားနဲ့ ထိခိုက်မှုတစ်စုံတစ်ခုဖြစ်ပွားရင် ဥပဒေအရ အရေးယူခံရမှာက တိုက်မိတဲ့ လူ သို့မဟုတ် အရာဝတ္ထုတွေနဲ့ တိရစ္ဆာန်တွေရဲ့ ပိုင်ရှင်ဖြစ်ပါတယ်။ ရထားသံလမ်းတစ်လျှောက်က ကန့်သတ်ထားတဲ့ဧရိယာဖြစ်တဲ့အတွက် သွားလာမှုကို စည်းကမ်းမဲ့တဲ့ ပြည်သူမှာတာဝန်ရှိနေပါတယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ထို့အပြင် ရထားကားလမ်းကူးဂိတ် (Level Crossing) များကိုလည်း မြန်မာ့မီးရထားမှ တရားဝင်ပြုလုပ်ထားပေးပြီး အဆိုပါနေရာများတွင် မီးရထားဝန်ထမ်းများ တာဝန်ချထားကာ ဂိတ်အပိတ်၊ အဖွင့် ပြုလုပ်ပေးလျက်ရှိပြီး အချို့နေရာများတွင် ပြည်သူများအား ရပ်ကြည့်သွားစနစ်ဖြင့် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"မတော်တဆ ထိခိုက်မှုတွေက ပိုများလာတယ်။ အဓိကအကြောင်းရင်းက ရထားရဲ့ အရှိန်ကို နားမလည်ကြတာဖြစ်ပါတယ်။ ရထားဆိုတာ အခြားသော စက်တပ်ယာဉ်တွေနဲ့လုံးဝမတူပါဘူး။ တစ်နာရီကို ၄၅ မိုင်နှုန်း သွားနေတဲ့ နိုင်ငံတကာက ခေတ်မီရထားတွေမှာတောင် ဘရိတ်ဆွဲဖို့အတွက် ပေ ၁၀၀၀ အရှိန်ယူရပါတယ်။ ကျွန်တော်တို့ဆီက ရထားတွေလည်း ထို့အတူပါပဲ။ အများစုက လွတ်တယ်ဆိုပြီး ကပ်ရှောင်ကြတာမျိုး ရှိပါတယ်။ မကြာခင်က ကျောက်ဆည်မှာ ရထားနဲ့ဆိုင်ကယ် တိုက်မိတယ်။ ရထားကလည်း ဥသြဆွဲတယ်၊ မီးလည်းတောက်တယ်။ ဆိုင်ကယ်သမားကလည်း မြင်တယ်။ လွတ်မယ်ထင်ပြီး ဖြတ်တာ။ ရထားဆိုတာက အရှိန်လျှော့တာ ရပ်တာလုပ်လို့မရတော့ ဝင်တိုက်မိတယ်။ ဆိုင်ကယ်သမားနှစ်ဦးလုံး သေဆုံးရတယ်။ နောက်တစ်ခါကျတော့ သယ်န်းကျွန်းမှာ ဖြစ်တာ။ စက်ခေါင်းမောင်းက အနီးကပ်ကျမှ ကလေးတွေအိပ်နေတာကို သွားတွေ့တယ်။ တွေ့ပေမယ့် ရပ်မရဘူး။ အားလုံးသေဆုံးကုန်တယ်။ နောက်ပြီး ရထားမရပ်ခင်ခုန်ချတယ်။ အမီပြေးတက်တယ်။ တွဲပေါက်မှာထိုင်တယ်။ ခေါင်မိုးပေါ်တက်တယ်။ အားလုံးကကိုယ့်အန္တရာယ်ကို မကြည့်တာပါ။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးချင်သော်လည်း လိုက်ပါပူးပေါင်းမှု အားနည်းနေတယ်"ဟု ရန်ကုန်တိုင်းတာဝန်ခံ တိုင်း(၇) လက်ထောက်အထွေထွေမန်နေဂျာ (သွားလာရေး)မှ ရှင်းပြသည်။

ရထားနဲ့ထိခိုက်မှု တစ်စုံတစ်ရာ ဖြစ်ပွားရင် အရေးယူခံရမှာက တိုက်မိတဲ့လူ . . .

ထို့အတူ ရထားလမ်းကူးဂိတ်များကို မြို့နယ်နှင့်ခရိုင်များမှ ပြုလုပ်ထားခြင်းကို မြန်မာ့မီးရထားမှ ကန့်သတ်သွားမည်ဖြစ်ပြီး တရားဝင်မဟုတ်သည့် ရထားလမ်းကူးဂိတ်များတွင် ရထားများ အရှိန်လျှော့ခြင်း၊ ရပ်တန့်ခြင်းများ ပြုလုပ်ပေးမည်မဟုတ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ပြောကြားသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၁၅၀၀
ရန်ကုန်ရွှေဈေး	၁၅ပဲရည်	တစ်ကျပ်သား	၆၃၂၀၀၀
မန္တလေးရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၀-၉၆၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀-၅-၃၀. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၁-၁၅. ၄	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၇၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၂-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max /Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဓာတ်ဆီ	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၂	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၅	တစ်လီတာ	၁၀၅၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၆၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၅၀၀
၃။ ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၁၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၇၅-၄၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။ ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၈၀-၆၃၀
၁၀။ ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀
၁၁။ ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၁၀၀-၄၃၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၉၁၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူမှုရေးဆိုင်ရာ ဆုချီးမြှင့်နိုင်ရေး စိစစ်ရွေးချယ်ရေးအဖွဲ့ ကွင်းဆင်း ဆောင်ရွက်

လှိုင်ကော် မတ် ၂၅

နိုင်ငံတော်သမ္မတမှ ချီးမြှင့်ပေးမည့်နိုင်ငံစွမ်းဆောင်ရည်ဆု ရွေးချယ်ရေးအတွက် လူမှုရေးဆိုင်ရာဆု ချီးမြှင့်ပေးရေး လုပ်ငန်းကော်မတီ ၂၀၁၄ ခုနှစ်အတွက် လူမှုရေးအကောင်းဆုံး အကျိုးပြုလူမှုရေးအသင်းအဖွဲ့ဆု၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုကို သက်စွန့်ကျိုးပမ်းကယ်တင်စွမ်းဆောင်သူဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) များကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် အဆိုပါဆုများရွေးချယ်နိုင်ရေးအတွက် ကွင်းဆင်းအဖွဲ့ (၂)မှ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့်အဖွဲ့တို့က ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး အကောင်းဆုံးအကျိုးပြု လူမှုရေးအသင်းအဖွဲ့နှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သိရှိလိုသည့် အချက်အလက်များကို မေးမြန်းကြသည်။

ထို့နောက် လူမှုရေးအကောင်းဆုံးအကျိုးပြုလူမှုရေးအသင်းအဖွဲ့ ရွေးချယ်ခံထားရသော လွိုင်ကော်မြို့နယ် ဘိုးဘွားများ ကူညီစောင့်ရှောက်ရေးအဖွဲ့နှစ်ခုဖြစ်သည့် စိန်မာတင်ဘိုးဘွားရိပ်သာနှင့် ပြည်နယ်ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်းတင်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

အားကစားသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် အားကစားပစ္စည်းများ ပူတာအိုဌာနကျင်းပပေးအပ်

ပူတာအို မတ် ၂၅

ပူတာအိုမြို့တွင် ပြည်နယ်/ခရိုင် အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘောလုံးဒိုင်လူကြီးသင်တန်း၊ ဖူဆယ်သင်တန်း ဖွင့်လှစ်ခြင်းနှင့် အားကစားပစ္စည်းများ ပေးအပ်ခြင်းကို မတ် ၂၄ ရက်က ပူတာအိုမြို့ (နတလ) အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ပြည်နယ်အား/ကာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား စုစုပေါင်း ၈၀ တက်ရောက်ကြသည်။ မနောမြေကလပ်အသင်းမှ ခရိုင်အား/ကာကော်မတီနှင့် နတလကျောင်းတို့အတွက် ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘောနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ သင်တန်းကို ဧပြီ ၃ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

Alliance Ne Ye' Travels & Tours
ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်းအတွက်သာ)

Tour Operation Executive **ကျား၊ မ ၂ ဦး**

လိုင်စင်ရဧည့်လမ်းညွှန်(သို့) Tourism လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိပြီး အသက်(၃၀)အောက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောကောင်းမွန်၍ ထိုင်းစကားပြောနိုင်သူကို ဦးစားပေးမည်။

ကိုယ်ရေးအကျဉ်း၊ လုပ်ငန်းအတွေ့အကြုံနှင့် ပညာအရည်အချင်း အထောက်အထားမိတ္တူများ၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမိတ္တူများ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာများ၊ အလုပ်သမားမှတ်ပုံတင်မှုရင်း၊ ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ

Alliance Ne Ye' Travels & Tours Co., Ltd.

အမှတ် ၈၀၁၊ သံသုမာလမ်းနှင့် မေတ္တာလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၉-၅၁၈၈၂၇၇၊ ၀၉-၄၂၀၂၃၆၉၁၄ တို့သို့ ၁-၄-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

GOLDEN STAR ခရီးသွားလုပ်ငန်း
☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး
☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး
☆ မန္တလေး-မူဆယ်-ရွှေလီ
☆ ပုဂံ-တောင်ကြီး-အင်းလေး
☆ တောင်ကြီး-အင်းလေး-ပင်းတယ
April 12,13,17
Scania, Higer, Yutone အထူးကားများဖြင့်
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်(နေ့စဉ်)
Ph: 209200, 430480, 544383, 703448, 09-5046000

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၂၆-၃-၂၀၁၄ ရက်မှ ၂၇-၃-၂၀၁၄ရက် အထိ နေ့စဉ်၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီမှ ၁၃း၀၀ နာရီအတွင်း မြန်မာ့အလင်း သတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ လာရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၄၊ ၀၁-၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

သန္တိသုခ သင်္ကြန်ခရီးစဉ်များ
✓ မြဝတီ၊ မဲဆောက်၊ ဘားအံ APR 12
✓ မူဆယ်၊ ရွှေလီ၊ မန်စီ-ဝမ်တိန် APR 13
✓ ရွှေစက်တော်၊ ပုဂံ၊ အလောင်းတော်ကဿပ APR 13
တိုက် ၂၊ အခန်း ၂၀၆၊ မြင့်ဟေဝန်အိမ်ယာ၊ ၈ မိုင်၊ မရမ်းကုန်း။
09 2540 67565
မန္တလေး၊ နေပြည်တော် ☎ 653575 Ext : 211 09 421014940

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သီဟနိုင် ၁၂/လမတ(နိုင်)၀၃၅၇၆၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၀၃၉၁၃၆

ဥတုရာသီ တောကိုမှီ

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမျိုးမင်းကျော် ၁၂/လသန(နိုင်)၀၁၆၆၀၆၏ ID No.709508 (5-4-13), Import Permit No. ISBIDV 8/13-14/2579(23-4-13), B/2 No. OSYGF 7345 များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မျိုးမင်းကျော်
ဖုန်း-၀၁-၅၆၅၄၉၄

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့/ခရိုင်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပြည်နယ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁	ရှမ်း(တောင်)	ကတ္တရာ(၈၀/၁၀၀)	၂၀၀၀ တန်
၂	ရှမ်း(မြောက်)	ကတ္တရာ(၈၀/၁၀၀)	၅၀၀ တန်
၃	ရှမ်း(ရှေ့)	ကတ္တရာ(၈၀/၁၀၀)	၅၀၀ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၉-၄-၂၀၁၄ရက်
တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - ၁၆း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၈၁-၂၁၂၁၀၁၆၊၂၁၂၁၁၆၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၄) ကျင်းပ

နေပြည်တော် မတ် ၂၅

ပထမအကြိမ် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၄)ကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက လွှတ်တော်ဝင်းရှိ အမျိုးသားလွှတ်တော် ကော်မတီ ရေးရာဆောင်အမှတ်(၁၇) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ၊ မေးခွန်းရှင်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ရှစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သက်တမ်း သုံးနှစ်ကျော်လာပြီဖြစ်ကြောင်း၊ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် အစိုးရအဖွဲ့ ရသုံးဘတ်ဂျက်ဥပဒေကြမ်းနှင့် ယှဉ်တွဲအကောင်အထည်ဖော်ရကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် မပါလျှင် နောက်ဆက်တွဲဘတ်ဂျက်တွင် တောင်းခံရမည် သို့မဟုတ်ပါက ၂၀၁၅-၂၀၁၆ ဘတ်ဂျက်သာ ကျန်ကြောင်း၊ ၎င်းတွင် မပါပါက လွှတ်တော်ငါးနှစ်သက်တမ်းပြီးမြောက်ပြီး ကြွေးများအဖြစ် ကျန်နေလျှင် မကောင်းကြောင်း၊ ထို့ကြောင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ မှတ်သားပြီး ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ကတိကဝတ်ကိစ္စရပ်များအားလုံး ပြီးစီးအောင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် ကော်မတီ၏ အစီရင်ခံစာတွင် တင်ပြခဲ့သည့် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် မပါသည့် ကိုယ်စားလှယ် ၂၅ ဦး၏ မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် လွှတ်တော်အစည်းအဝေး ပထမပုံမှန်မှ အဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ကိစ္စရပ်များကို လွှတ်တော်ရပ်နားသော်လည်း မိမိတို့ ကော်မတီအနေဖြင့် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် ကြိုတင်အသိပေးလိုကြောင်း၊ သို့မှသာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ လမ်းညွှန်သည့်အတိုင်း လွှတ်တော်သက်တမ်းအပြီး ကတိကဝတ် ကိစ္စရပ်များလည်း ဆောင်ရွက်ပြီးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ သတ္တမပုံမှန် အစည်းအဝေးအထိ မေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများမှ ဘတ်ဂျက်တွင် မပါဝင်သော မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်များနှင့် ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အသေးစိတ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး အတည်ပြုချက်ရယူကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူဆယ်တွင် ဒေသခံတိုင်းရင်းသား စက်ယန္တရားလုပ်ငန်းရှင်များ ဖွဲ့စည်းပြီး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မူဆယ် မတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ဒေသခံတိုင်းရင်းသား စက်ယန္တရားလုပ်ငန်းရှင်များအသင်းဖွဲ့စည်းပြီး မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိရာ ပထမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂၁ ရက်တွင် အသင်းရုံးတည်ရာ အမှတ်(၅၂) ကောင်းမှုတံ ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးတွင် ကျင်းပရာ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အသင်းသား အသင်းသူ ၄၂ ဦး တက်ရောက်ကြသည်။ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်က အမှာစကားပြောကြားပြီး ရုံးအဖွဲ့မှူး ဦးအုန်းမြင့်က ငွေစာရင်းရှင်းလင်းတင်ပြခြင်း၊ စာရင်းစစ်ဦးကျော်ကျော်က စာရင်းစစ်ရှင်းတမ်းဖတ်ကြားပြီး ရှေ့လုပ်ငန်းစဉ်များကို ဦးစိုင်းကျော်မြင့်က ဖတ်ကြားတင်ပြ၍ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုခဲ့ကြသည်။

"ကျွန်တော်တို့အသင်းကို ၂၅-၁၂-၂၀၁၂ ရက်ကစပြီး တည်ထောင်ခဲ့ရာ မူဆယ်ဒေသမှာရှိတဲ့ သီးခြားစီရှိနေကြတဲ့ တိုင်းရင်းသားစက်ယန္တရား လုပ်ငန်းရှင်တွေစုပေါင်းပြီး မူဆယ်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။ တစ်ချိန်က ဒေသခံတိုင်းရင်းသားများမဟုတ်သော လုပ်ငန်းရှင်ကြီးဝင်ရောက်လုပ်ကိုင်နေခြင်းကို ဒေသခံတိုင်းရင်းသားများ စုပေါင်းအလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်လာအောင် အစားထိုးခြင်းလည်းဖြစ်တဲ့အတွက် ဒေသခံတိုင်းရင်းသားတွေကလည်း စက်ယန္တရားတွေဝယ်ယူကာ ပူးပေါင်းဆောင်ရွက်လာကြပြီး လုပ်ငန်းတူတစ်ခုမှာ စုစည်းမိကြလို့ စည်းလုံးမှုအင်အားတွေရရှိပြီး အားလုံးအတွက် အကျိုးရှိတဲ့ အသင်းကြီးတစ်သင်းအနေနဲ့ တိုးတက်မှုနဲ့အတူ ရပ်တည်နိုင်ခဲ့တာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု အသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်နှင့် ဦးကျော်ကျော်တို့က သုံးသပ်ပြော ကြားခဲ့သည်။

(ရွှေလီဦး)

အထူးကုဆရာဝန်ကြီးများ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာသို့ ကွင်းဆင်းအခမဲ့ဆေးကုပေး

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးရေးရာဆရာဝန်များအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဦးဆောင်၍ ပြည်သူ့ဗဟိုပြုနယ်လှည့်ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်ပေးမှု အစီအစဉ်အရ မတ် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ လူနာကုန်သည်အထိ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ တောင်သူလယ်သမားဆေးရုံတွင် သမားတော်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာမှ ဝေဒနာရှင် ၄၀၀ ကို အခမဲ့ဆေးဝါးကုသပေးခဲ့သည်။

(အောက်ပုံ) ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်လှကြင်နှင့်အဖွဲ့ ဦးဆောင်ကာ သမားတော်အဖွဲ့တွင် သမားတော်ကြီး ဒေါက်တာဒေါ်ခင်ခင်သက်နှင့် သယ်နိုးကျွန်းစံပြဆေးရုံကြီးမှ တွဲဖက် ပါမောက္ခဒေါ်ချိုမာလွင်နှင့်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် ဆရာဝန် ၄၅ ဦးတို့က ရောဂါအလိုက် အစုအဖွဲ့များဖွဲ့ကာ ကုသပေးကြသည်။

ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကျေးရွာများဖြစ်သော ပါလှဲ၊ ဗောဓိ၊ စွန်တနီး၊ အင်းမ၊ နဲသမိန်၊ အလယ်ချောင်း၊ အသင်းစု၊ ရေကျော်၊ ကြောင်လျှာကုန်း၊ တူးချောင်း၊ ဇီးဖြူကျွန်း၊ မဲဇလီကျေးရွာများမှ ရောဂါဝေဒနာရှင်များ လာရောက်ဆေးကုသခံယူကြရာ တောင်သူလယ်သမားဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ဇောနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀ တို့က ဝေဒနာရှင်များ ဆေးကုသရာတွင် လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။ ရောဂါဝေဒနာရှင်များအား သွေးစစ် ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ECG ဆွဲခြင်းများနှင့် လူနာလေးဦးကို ခွဲစိတ်ကုသပေးခြင်းတို့အတွက် လိုအပ်သော ဆေးဝါးမျိုးစုံဝယ်ယူခြင်း ကုန်ကျငွေများကို အမျိုးသမီးဆရာဝန်များအဖွဲ့နှင့် အလှူရှင်ဦးထွန်းသိန်းတို့က လှူဒါန်းကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်(နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000

ရွှေကြေးစည် – ငွေစက်တော် / အလောင်းတော်ကဿပ ခရီးစဉ် 12,13
▲ ရွှေစက်တော်နှင့်ဘုရားစုံ (အင်္ဂါ၊ သောကြာ)၊ ဆက်၍ (ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ) (အလောင်းတော်ကဿပ၊ မုံရွာ) (စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်) (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) ခရီးစဉ်များ (ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ရွှေစက်တော်၊ အလောင်းတော်ကဿပ သီးသန့်)
▲ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း (သီးသန့်)၊ ဆက်၍ (မန္တလေး၊ ပြင်ဦးလွင်) သို့ (ပုဂံ၊ ပုပ္ပါး)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်၊ ဆက်၍ (ပုဂံ၊ ပုပ္ပါး) သို့ (မန္တလေး၊ ပြင်ဦးလွင်အနှံ့) (၇)ရက်၊
▲ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင် အနှံ့၊ အပတ်စဉ်–သောကြာ (မန္တလေး၊ ပြင်ဦးလွင်၊ မူဆယ်၊ ရွှေလီ၊ ဝမ်းတိန်) (ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ) (မြဝတီ၊ မဲဆောက်၊ ထိုင်းသကြိန်)
ပန်းဆိုးတန်း ☎ 240860/372290 ဒေါ်ပုံ 09-49282825 ကမာကြည်အိမ်ရာ 0973494339

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးတင်အောင် (Director, First Top(Group) Co.,Ltd.,)၊
ဒေါ်ခင်မေနွဲ့တို့၏ တစ်ဦးတည်းသောသား

မောင်သန်းဇော်အောင် @ Danny
Hospitality Management UK
Director(Phyo Yandanr Co.,Ltd.)
နှင့်

ရန်ကုန်မြို့နေ (ဦးအောင်ကျော်)၊ ဒေါ်ရီရီခိုင်တို့၏ တစ်ဦးတည်းသောသမီး

မသီရိရတနာအောင် B.Sc (Chemistry)
(ရတနာသီဂီပိုးထည်တိုက်)

တို့သည် Kandaw Gyi Palace Hotel, Executive Lounge တွင် ၂၃-၃-၂၀၁၄ ရက်တွင် ကျောက်တံတားမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်မွန်သူဇာခိုင်နှင့် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းဇော်အောင်-မသီရိရတနာအောင်

နေ့စွဲပြင်ဆင်ဖတ်ရှုပေးပါရန်
အများသိစေရန်ကြေညာခြင်း

၁၂-၃-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာကဏ္ဍ စာမျက်နှာ ၂၁ နှင့် ၁၅-၃-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြေးမုံကြော်ငြာစာမျက်နှာ ၆ တို့တွင် ကြော်ငြာခဲ့သော ခေါင်းစဉ်၌ သဘောရိုးနှင့် ပုံနှိပ်မှားယွင်းဖော်ပြထားသော ၄-၂-၂၀၁၄ရက်စွဲအစား ၄-၃-၂၀၁၄ ရက်ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ပြန်လည်ပြင်ဆင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ရှောက်အေး	**ဒေါ်စောမြချယ်**
၁၃/တကန(နိုင်)၁၂၅၉၀၀	**အထက်တန်းရှေ့နေ (၁၉၈၂၀/၉၃)**
အမှတ် ၅၀/ရ၊ နန်းသီတာလမ်း၊	**အမှတ် ၁၅(ခ)/ရ၊ ကမ္ဘောဇလမ်း၊**
ရေအေးကွင်းရပ်၊ တောင်ကြီးမြို့	**ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

HTG Hlaine Tet Group - Supplies for Hotels ®

မန္တလေးမြို့နှင့်အထက်မြန်မာပြည်ရှိ ဟိုတယ်လုပ်ငန်းရှင်များ အဆင်ပြေနိုင်စေရန်အတွက် HLAINE TET GROUP LIMITED မှ မန္တလေးရုံးခွဲကို အောက်ပါလိပ်စာအတိုင်း စတင်ဖွင့်လှစ်ကြောင်း ကြေငြာအပ်ပါသည်။

Towel,Pillows & Accessories,Bed,Bath & Table Linens
Housekeeping ,Kitchen & Laundry Chemicals
Cleaning Accessories
Washer, Dryer, Flatwork Ironer & other Accssories

Yangon : No.83 , 1st Floor , Dhammazedi Road , Sanchaung Tsp , Yangon , Myanmar. Tel : (95-1) 539 524 , 523 063, 230 5560, 230 5561 Fax: (95-1) 539 524
Mandalay : 80th Street , Bet: 23rd & 24th , Aung Myae Thar San , Mandalay , Mandalay , Myanmar. Tel : 09-2013 134 , 09- 7310 5588
E-mail : hlainetetgroup@gmail.com

ကြော်ငြာ

ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

AUTHENTIC

၂၀၁၄ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော **Authentic Production Co.,Ltd** ၏
"HDPE ပိုက်၊ uPVC ပိုက်၊ PE ရေသိုလှောင်ကန်နှင့် အသင့်ပြုလုပ်ပြီး အဆင့်မြင့်မိလ္လာကန် ထုတ်လုပ်ရေးစက်ရုံ"
ဖွင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး၊ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော
ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
ဝန်ကြီး ဦးကျော်စိုး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ဝန်ကြီး ဦးအောင်ခင်နှင့် စက်ရုံအမည်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်
သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ တက်ရောက်ချီးမြှင့်အားပေးခဲ့ပါသောအစိုးရဌာန
ဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ကုမ္ပဏီလုပ်ငန်းရှင်များ၊ နိုင်ငံခြားကုမ္ပဏီ လုပ်ငန်းရှင်များ၊
ပါဝင်ကူညီပေးခဲ့ကြသော ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း
Authentic Group မိသားစုမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

LINK HDPE PIPE

PE SUPER TANK

MIGHTY uPVC PIPE

LINK uPVC PIPE

HI-Q READY MADE SEPTIC TANK

ဥပဒေ

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော -
(က) "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ "အခွန်ရုံးဌာနမှူး"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ဌာနမှူး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။
(ခ) "ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေ"ဆိုသည့် စကားရပ်အစား "စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃ တွင် -
(က) ပုဒ်မခွဲ (ထ) နှင့် (ဓ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ထ) အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်း စကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများလည်း ပါဝင်သည်။
(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူး ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများကို ဆိုသည်။"
(ခ) ပုဒ်မခွဲ (န)၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"(ပ) ငွေချေးသက်သေခံလက်မှတ် ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ငွေချေးသက်သေခံ လက်မှတ်ကို ဆိုသည်။
(ဖ) စည်းကြပ်မှုဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကို တွက်ချက်စည်းကြပ်ခြင်းအပြင် အခွန်ထမ်း ကိုယ်တိုင်မှ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ မိမိပေးဆောင်ရမည့် အခွန်ကို ပေးသွင်း၍ စည်းကြပ်မှုခံယူခြင်း၊ ယာယီစည်းကြပ်မှု ခံယူခြင်းနှင့် ဝင်ငွေနှစ်အတွင်း စည်းကြပ်မှု ခံယူခြင်းတို့လည်း ပါဝင်သည်။
(ဗ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဆိုသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စု လွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာဥပဒေကို ဆိုသည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၄။ (က) မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

ဝင်ငွေခွန် ကျသင့်စေခြင်း

(၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေ၊
(၂) ဝင်ငွေ အမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊
(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။
(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၅။ (က) ဤဥပဒေသည် အောက်ပါဝင်ငွေ အမျိုးအစားတို့နှင့် မသက်ဆိုင်စေရ-

ကင်းလွတ်ခွင့်များ

(၁) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးအဖွဲ့အစည်း တစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုသော ဝင်ငွေ၊
(၂) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ အခွန်အခ ရရှိငွေ၊
(၃) ပင်စင်မှ ပြောင်းလဲ၍ရရှိသော ငွေ၊ လစာဝင်ငွေခေါင်းစဉ်တွင် ပါဝင်သည့် ကရုဏာကြေး၊
(၄) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့် လျော်ကြေး၊
(၅) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊
(၆) အဖန်တလဲလဲ မဟုတ်ဘဲ တစ်ခါတစ်ရံ ရရှိသည့် ဝင်ငွေ၊ သို့သော် အောက်ပါတို့မပါဝင်စေရ -
(ကက) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊
(ခခ) လုပ်ငန်း တစ်ရပ်ရပ်မှရရှိသည့် ဝင်ငွေ၊
(၇) ပုဂ္ဂိုလ်စု တစ်ခုခုမှ ဝင်ငွေခွန် ပေးဆောင်ပြီး ရရှိသည့် အမြတ်ဝေစု။
(ခ) (၁) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူ တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ အခွန်နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့် ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။
(၂) ပြည်ထောင်စုအစိုးရသည် အောက်ပါဝင်ငွေ အမျိုးအစားများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း သို့မဟုတ် အခွန်နှင့် စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည် -
(ကက) ပြည်တွင်း ပြည်ပ အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များအတွက် လှူဒါန်းခြင်းမှ ရရှိသည့် ဝင်ငွေ၊
(ခခ) နိုင်ငံတော် အတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် အထောက်အပံ့များ၊
(ဂဂ) နိုင်ငံတော်မှ ရယူသည့် သက်သာသော ချေးငွေ သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေတို့အတွက် ပေးချေရသည့် အတိုး၊
(ဃဃ) သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့ လှူဒါန်းသည့် ပစ္စည်း သို့မဟုတ် အလှူငွေ။
(ဂ) အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း တစ်ခုခု သို့မဟုတ် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအထိ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် သတ်မှတ် ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏအထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုရမည်။
(ဃ) တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။"

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် -
(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍"ဆိုသည့် စကားရပ်ကို "မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ)နှင့် (ဃ) တို့ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မ ၆ ၏ နောက်တွင် ပုဒ်မ ၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"၆-က။ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော် အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခုသို့ ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသော ငွေထက် မပိုစေရ။

လှူဒါန်းငွေများ

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။"

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ တွင် -
(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ခ) လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေနှင့် အခြားရလမ်းမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်။ ကျန်ခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ် တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကို သီးခြားစီ စည်းကြပ်ရမည်။"
(ခ) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁ ၏ ရှင်းလင်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည်-
"**ရှင်းလင်းချက်။** စီးပွားရေးလုပ်ငန်း ဆိုသည်တွင် -
(က) မည်သည့် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းများမဆို ပါဝင်သည်။
(ခ) ထို့ပြင် ငွေချေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့ ပါဝင်သည်။"

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၁၄။ မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျ မဖြေရှင်းနိုင်သည့် မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ

ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၄-ခ တွင် ပါရှိသော "ဇနီးနှင့် အိမ်ထောင် မကျသေးသည့် သားသမီး" ဆိုသည့် စကားရပ်အစား "အိမ်ထောင်ဖက်နှင့် အိမ်ထောင်မကျသေးသည့် သားသမီး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၁၆။ (က) လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ဝင်ငွေ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ထိုငွေ ထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေမှ ကျသင့်သောအခွန်ကို နုတ်ယူရမည်။ ထိုသို့ နုတ်ယူရာတွင် သက်ဆိုင်သူ၏ နှစ်တစ်နှစ်အတွင်း အဆိုပါ ခေါင်းစဉ်မှ ဝင်ငွေ အရပ်ရပ်ပေါင်း အပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်၍ အတတ်နိုင်ဆုံး အညီအမျှ အရစ်များဖြင့်နုတ်ယူပြီး ပေးသွင်းရမည်။

ဝင်ငွေရရှိသည့် အချိန်၌အခွန်ကိုထုတ်ပေး ငွေမှနုတ်ယူ ပေးသွင်းရန် နည်းလမ်းများ

သို့ရာတွင် ဝင်ငွေရရှိသည့် နှစ်အတွင်းအခွန်ကို ပိုမိုနုတ်မိလျှင်သော်လည်းကောင်း၊ လျော့နည်း နုတ်မိလျှင်သော်လည်းကောင်း ကျန်အရစ် သို့မဟုတ် အရစ်များကို လျှော့၍ ဖြစ်စေ၊ တိုး၍ ဖြစ်စေ နုတ်ယူနိုင်သည်။
(ခ) လစာခေါင်းစဉ်ဖြင့်ရရှိသော ဝင်ငွေမှအပ ကျန်ခေါင်းစဉ်များဖြင့် ရရှိသော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးချိန်၌ အခွန် နုတ်ယူပေးသွင်းစေရန်ကိစ္စအလို့ငှာပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။
(ဂ) ပုဒ်မခွဲ (က) နှင့် (ခ)အရ နုတ်ယူသော ငွေအားလုံးကို နုတ်ယူသူသည် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော အချိန်နှင့် နည်းလမ်းများအတိုင်း ပြည်ထောင်စုအစိုးရသို့ ပေးသွင်းရမည်ဖြစ်ပြီး ဤကိစ္စနှင့် စပ်လျဉ်းသော သတ်မှတ်ချက် အားလုံးကိုလည်း လိုက်နာရမည်။
(ဃ) မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ အခွန်ကို နုတ်ယူပေးသွင်းခြင်း မပြုလျှင် ထိုအခွန်နှင့် စပ်လျဉ်း၍ ပေးဆောင်ရန် ပျက်ကွက်သူအဖြစ်မှတ်ယူ အရေးယူခြင်းခံရမည်။ ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည်။

ရှင်းလင်းချက်။ ဤပုဒ်မအရ ငွေထုတ်ပေးရန် တာဝန်ရှိသူဆိုသည်မှာ တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ဖြစ်ပြီး ပုဂ္ဂိုလ်စုပိုင် လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်စုသာ ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ ငွေထုတ်ပေးရန် တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်း ဖြစ်သည်။"

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ၏ နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"၁၆-က။(က) ပုဒ်မ ၁၆ ပါ ဝင်ငွေရရှိသည့်အချိန်၌ အခွန်နုတ်ယူပေးဆောင်ရမည့်ဝင်ငွေ အမျိုးအစားများမှအပ ကျန်ဝင်ငွေခေါင်းစဉ်ပါ ဝင်ငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ အခွန်ထမ်းသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ် ကျသင့်မည့် အခွန်ကို ကြိုတင်၍ပေးဆောင်ရမည်။

ဝင်ငွေနှစ်အတွင်း အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများ

(ခ) ပုဒ်မခွဲ (က)ပါ ကျသင့်မည့်အခွန်ကို သုံးလတစ်ကြိမ် အရစ်ဖြင့် သက်ဆိုင်ရာ သုံးလမကုန်မီ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပေးသွင်းရမည်။
(ဂ) ဤပုဒ်မအရ ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက် လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။
၁၆-ခ။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေရရှိသည့် အချိန်၌ အခွန်ပေးဆောင်စေခြင်း သို့မဟုတ် ဝင်ငွေနှစ်အတွင်းကြိုတင်ခွန်ပေးဆောင်စေခြင်းတို့ အတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ခ) ဝင်ငွေနှစ်အတွင်း သို့မဟုတ် ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ထားသူအား ဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူအား ဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီး သုံးနှစ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားစာ အတည်ပြုချအပ်ထားပြီးသူအား ဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို

စာမျက်နှာ ၁၆သို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စာမျက်နှာ ၁၅ မှ

သက်သေခံ အထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါဝင်သော ပစ္စည်းစာရင်းပုံစံကို ပြသရန်အကြောင်းကြားနိုင်သည်။ ခေါ်ယူစစ်ဆေးခြင်း၊ စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မခွဲပါ ပစ္စည်းစာရင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝင်ငွေခွန်စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)အရဖြစ်စေ၊ ပုဒ်မခွဲ(ခ) အရဖြစ်စေ ဝင်ငွေ ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်လျှင်သော် လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရနိုင်သရွေ့ အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။ ယင်းသို့ စည်းကြပ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော "ပြည်ထောင်စုအစိုးရ" ဆိုသည့်စကားရပ်အစား "ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးသည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့် အဖွဲ့များသည် လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို တရားမကျင့်ထုံး ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကရင်ပြည်နယ် ကျက်သရေဆောင် သီရိအားကစားကွင်းအတွင်း ညအချိန် မီးအလင်းရောင် လိုအပ်နေ

ဘားအံ မတ် ၂၅

ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သီရိကွင်းကြီးသည် ကရင်ပြည်နယ်နေ့ ပွဲတော်ကြီးများ၊ ကရင်နှစ်သစ်ကူးပွဲတော်နှင့် လွတ်လပ်ရေးနေ့ အစရှိသော ပွဲတော်များ ကျင်းပရာ နေရာဖြစ်သည်။ အားကစားလေ့ကျင့်ရာ၊ ပြိုင်ပွဲများကျင်းပရာ၊ ကလေးသူငယ်များဆော့ကစားရာ အားကစားကွင်းအတွင်း ညဘက်တွင် မီးအလင်းရောင်မရရှိသဖြင့် သွားလာရန် ခက်ခဲလျက်ရှိသည်။

သီရိအားကစားကွင်းကြီးအတွင်း ညအချိန် မိသားစုလိုက် အားကစားပြုလုပ်ခြင်းနှင့် အပန်းဖြေလမ်းလျှောက်ခြင်းများကို မြို့ခံများက ပြုလုပ်လိုကြသည်။

မီးအလင်းရောင်မရှိ၍ ဒုစရိုက်မှုများဖြစ်ပွားနိုင်ပြီး တစ်ဦးချင်းသွားလာရန်အတွက် စိုးရိမ်မှုများဖြစ်ပေါ်နေရသောကြောင့် ကရင်ပြည်နယ်၏ ကျက်သရေဆောင် သီရိအားကစားကွင်းအား မီးအလင်းရောင်ရရှိစေရန် မြို့ခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

သတင်းတိုများ

ယဉ်ကျေးလိမ္မာသင်တန်း ဖြူးမဟာစည်၌ဖွင့်လှစ်

ဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

ဖြူးမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများမှ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၈၀၀ တက်ရောက်ခဲ့ကြသည်။

ဖြူးမဟာစည် သာသနာ့ရိပ်သာမှ သင်တန်းနည်းပြ သံဃာတော်များ၊ ဆရာ ဆရာမများက သင်တန်းသားများအား ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု အခြေခံ အကြောင်းအရာများကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရှိရသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ဘာသာရေးအမှုဆောင်များ တက်ရောက်ခဲ့ကြသည်။ မတ် ၂၂ ရက်မှ ၃၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့ခံအလှူရှင်များက အချိုရည်များနှင့် မုန့်များကို နေ့စဉ်ဒါနပြုခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ဆီးဂိမ်းပြိုင်ပွဲကြောင့် အားကစားဝါသနာရှင်များ ထွက်ပေါ်မှု ပိုမိုမြင့်တက်လာ

စစ်ကိုင်း မတ် ၂၅

၂၇ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးသည့်နောက်ပိုင်း လူငယ်အားကစားဝါသနာရှင်အများစုမှာ အားကစားသင်တန်းများ တက်ရောက်ရန် ပိုမိုစိတ်အားထက်သန်လာခဲ့ပြီး နှစ်စဉ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်ပေးလျက်ရှိသည့် နွေရာသီအားကစားသင်တန်းများ ပိုမိုတက်ရောက်လာကြကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန စစ်ကိုင်းခရိုင်မှ သိရသည်။

စစ်ကိုင်းခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးအား မြို့နယ်အားကစားအရာရှိ ဦးစောယုဝင်းနှင့် ဝန်ထမ်းများသည် ပညာရေးဌာနဝန်ထမ်းများနှင့် ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်အတွင်း နိုင်ငံကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာရေးကိုရည်ရွယ်၍ အားကစားသင်တန်းများကို မတ် ၂၀ ရက်မှစတင်၍ သင်တန်းနည်းပြများမှ စနစ်တကျသင်ကြားပေးလျက်ရှိသည်။

ခရိုင်အားကစားကွင်း၌ ဘောလုံးအားကစားနည်းကို သင်တန်းသား ၁၁၀ ဖြင့် လည်းကောင်း၊ တင်းနစ်အားကစားနည်းကို မြဧရာတင်းနစ်ကလပ်၌ သင်တန်းသား ၁၃ ဦး ဖြင့် လည်းကောင်း၊ ခရိုင်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ အမျိုးသမီးအေရိုးဗစ်သင်တန်းကို သင်တန်းသူ ၂၅ ဦးဖြင့် သင်တန်းနည်းပြ ဒေါ်ဖြူဖြူဝင်းကလည်းကောင်း သင်ကြားပြသလျက်ရှိသည်။ ထို့ပြင် ကရာတေးဒို အားကစားနည်းကို သင်တန်းသား ၁၀၀ ဖြင့် သင်ကြားပေးလျက်ရှိသည်။ အဆိုပါ အားကစားသင်တန်းများကို မတ် ၂၀ ရက်မှ ဧပြီ ၈ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကထက် သင်တန်းသားတွေ ပိုမိုများပြားလာပါတယ်။ ကလေးတွေက ဆီးဂိမ်း၊ ပါရာဂိမ်း ပြိုင်ပွဲတွေကို ကြည့်ရှုပြီး ထူးချွန်တဲ့ အားကစားသမားတွေ ဖြစ်လိုကြတယ်။ အားကစားနည်းအစုံ သင်ကြားပေးနိုင်မယ်ဆိုရင် ပိုကောင်းမှာပါ။ ကျွန်တော်တို့ဆီမှာတော့ နည်းပြအခက်အခဲကြောင့် အားကစားနည်းမစုံဘူး။ လာမယ့်နွေရာသီ အားကစားသင်တန်းရောက်လာရင်တော့ အခုထက်ပိုမိုများပြားတဲ့ အားကစားသင်တန်းတွေ ဖွင့်သွားနိုင်အောင် စီစဉ်ပါမယ်"ဟု ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
သင်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၁

ဦးကျော်ကျော်ဦး **နှင့်** ဦးသိန်းဇော်
တရားလို **တရားပြိုင်**

အမှတ် ၈၀၄/ခ၊ ဇဋ္ဌိလ ၄ လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးသိန်းဇော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ကျော်ဦးက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မင်းတင်
ဒုတိယမြို့နယ်တရားသူကြီး(၂)
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၇၊မြေကွက်အမှတ်(၈၁၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၁၉/ခ)၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာ ဦးချစ်သန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်သန်းနှင့် ဇနီးဒေါ်သန်းရီကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၁၇၉၀၉၊ ဒေါ်ချို ၁၂/ဥကတ(နိုင်)၁၂၃၉၉၇တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ် လွှဲစာအမှတ် ၂၃၅၇(၂၃-၁-၂၀၁၄)ဖြင့် G.Pဒေါ်သန်းသန်းဦး ၇/မလန(နိုင်)၀၆၄၅၈၂က ဝါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၁၀၇(၁၀-၂-၂၀၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ခ)၊ မြေကွက်အမှတ်(၅၇/၂)၊ မြေကွက်တည်နေရာအမှတ်(၅၇/၂)၊ ၅လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဘလှိုင်၊ ဒေါ်ခင်ရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘလှိုင်၊ ဒေါ်ခင်ရီကွယ်လွန်သဖြင့် ဦးအေးဇော် ၁၂/ဥကတ(နိုင်)၁၂၀၃၄၄၊ ဦးသန်းကိုလှိုင် ၁၂/ဥကတ(နိုင်)၁၂၀၃၄၅၊ ဦးဘိုးတုတ်လှိုင် ၁၂/ဥကတ(နိုင်)၁၂၀၃၄၃၊ ဦးအောင်မင်းလှိုင် ၁၂/ဥကတ(နိုင်)၁၂၀၃၄၆၊ ဦးကိုကိုလှိုင် ၁၂/ဥကတ(နိုင်)၁၂၀၃၄၇တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၉၊ မြေကွက်အမှတ် ၁၁၇၇၊ မြေကွက်တည်နေရာအမှတ် ၁၁၇၇၊ ၁၄၉၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးခွေး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခွေး ၁၂/ဗဟန(နိုင်)၀၂၀၃၅၀ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၂၄၄၊ မြေကွက်တည်နေရာအမှတ် ၂၄၄၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးတင်မောင်နှင့် ဒေါ်လှရီ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတင်မောင်(ဖခင်)နှင့် ဒေါ်လှရီ(မိခင်)ကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်သင်းသင်းဆွေ ၁၂/ဒပန(နိုင်)၀၂၅၀၀၅၊ (၂) ဦးစောဟန် ၁၂/ဒပန(နိုင်)၀၀၉၄၂၉၊ (၃) ဒေါ်သော်တာအေး ၁၂/ဒပန(နိုင်)၀၀၉၃၀၂ နှင့် (၄) ဦးအောင်ကျော်ဇော်(ခ)ကျော်ဇော ၁၂/ဒပန(နိုင်)၀၄၉၄၄၄တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၂၃၆/ခ၊ မြေကွက်တည်နေရာအမှတ် ၂၃၆/ခ၊ ဇေယျာမြိုင်လမ်း၊ ၁၉/က ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးအောင်ကြည် ၁၂/ဥကတ(နိုင်)၀၁၀၁၇၈ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ကြည်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဦးမျိုးနိုင် S/OKA-၁၁၃၅၂၁ မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့်ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၁-၃-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အမှတ်(၃၄) ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ မြေကွက်နှင့်အိမ်တို့နှင့်ပတ်သက်၍

ဒေါ်မြမူ၏ ကြေညာချက်အပေါ် ပြန်လည်ကန့်ကွက်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်တို့မှာ မူလက ဦးဘိုးဝိုင်းနှင့် ဒေါ်အေးမြိုင်တို့ပိုင်ဆိုင်ခဲ့ကြပါသည်။ ၎င်းတို့တွင် ဒေါ်စောကျင်၊ ဒေါ်မြညွန့်၊ ဒေါ်ကျင်မြနှင့် ဒေါ်အုန်းဟု သမီးလေးဦးထွန်းကားခဲ့ပါသည်။ ယခုအခါ မိဘများနှင့် သမီးလေးဦးတို့မှာ ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဘိုးဝိုင်းနှင့် ဒေါ်အေးမြိုင်တို့၏ ကျန်ရစ်သော အထက်ဖော်ပြပါပစ္စည်းကို ၎င်းတို့၏မြေးများနှင့် မြစ်တို့က အမွေဆက်ခံကြမည်ဖြစ်ပါသည်။

ဒေါ်မြမူမှာ မြေးတစ်ဦးဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော မြေးများဖြစ်သည့် ဒေါ်ညွန့်စိန်၊ ဒေါ်သန်းဝင်းနှင့် ဒေါ်မြင့်မြင့်တို့က ဖော်ပြပါမြေနှင့်အိမ်တွင်ဒေါ်မြမူအား အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်စေခဲ့ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါပစ္စည်းအား ဒေါ်မြမူတစ်ဦးတည်းက ရောင်းချပိုင်ခွင့်ရှိမည်မဟုတ်ပါ။

သို့ဖြစ်ရာ ယင်းမြေကွက်နှင့်အိမ်တို့အား ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းမော် **ဦးကျော်ဌေးလွင်**
စဉ်-၇၂၂၈ **စဉ်-၄၀၇၅၀**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**

အမှတ် ၈၃၊ အခန်း ၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မင်းကင်းဒေသခံများအတွက် ထင်းတစ်ချောင်းထိုး မီးဖိုများဖြန့်ဝေ

မင်းကင်း မတ် ၂၅

မင်းကင်း ဒေသခံများအတွက် ထင်းကုန်သက်သာစေရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုမှ ကာကွယ်စေရေး၊ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအစရှိသော ရည်ရွယ်ချက်များဖြင့် ထင်းတစ်ချောင်း သာအသုံးပြုပြီး ချက်ပြုတ်နိုင်သော စွမ်းအားမြင့် မီးဖိုများပေးအပ်ခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆပ်ကော်မတီမှ ဦးစီးကျင်းပသော ထင်းတစ်ချောင်းထိုး စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်း အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် အင်ပင်လှကျေးရွာအုပ်စု ယားကျေးရွာ၌ ပြုလုပ်သည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ကျစေရေးအတွက် စွမ်းအားမြင့်မီးဖိုများ ဒေသခံများသို့ပေးအပ်စဉ်။ ချင်းတွင်းသား(IPRD)

ထို့နောက် မြို့နယ်သစ်တောဦးစီး အရာရှိက အိမ်ခြေ ၁၀၀အတွက် တစ်အိမ်ထောင်စုလျှင် တစ်လုံးကျစီ အလုံးရေပေါင်း ၁၀၀ လုံးဖြန့်ဝေပေးပြီး ထိုသို့ ဖြန့်ဝေပေးခြင်းအပေါ် ကျေးလက်နေ ပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိကြောင်း သိရသည်။

မတ် ၂၂ ရက်က မင်းကင်းမြို့နယ် ချောင်းဝကျေးရွာ၌လည်း ယင်းကဲ့သို့ အိမ်ခြေ ၁၀၀ အတွက် တစ်အိမ်ထောင်စုလျှင် တစ်လုံးစီအလုံးပေါင်း ၁၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလနီးကပ်သဖြင့် အတာအိုး ရောင်းချသူများ မြို့ကြီးများသို့ တင်ပို့ရောင်းချ

သပိတ်ကျင်း မတ် ၂၅

နှစ်သစ်ကူးသင်္ကြန်ကာလ နီးကပ်လာသဖြင့် မဟာသင်္ကြန်ကာလ အတွင်း အသုံးပြုရန်သင်္ကြန်ကြို အတာအိုးများ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ဆိပ်ကမ်းရပ်ကွက်တွင် ရေကြောင်းမှ ဈေးကွက်အမီဝင်ရောက်လာကြပြီ ဖြစ်သည်။

မြေအိုးဖုတ်လုပ်ငန်းများ လုပ်ကိုင်ကြသည့်ခက်သင်ကျေးရွာနှင့် ရှိန်းမကားရွာသစ်ကျေးရွာဒေသမှ ထွက်ရှိသော မြေအိုးများ ဧရာဝတီမြစ်ကို အမှီပြု၍ ဈေးကွက်ရှိသည့် နေရာဒေသများသို့ အပြိုင်ဝင်ရောက် ရောင်းဝယ်ဖောက်ကားကြကြောင်း သိရသည်။

မတ်လ၏ ပူပြင်းသည့်ရာသီဥတုနှင့်အညီ မြေနှင့်ပြုလုပ်ထားသည့် သောက်ရေအိုးများ၊ စဉ့်အိုးများ အသုံးပြုသူ ပိုမိုများပြားလာကာ သင်္ကြန်ရက်တွင် အသုံးပြုမှု ပိုမိုများပြားလာမည့် အတာအိုးများ အရောင်းအဝယ် အားကောင်းလျက် ရှိနေကြောင်းကို ရောင်းချသူများထံက သိရသည်။

ရာသီစာ လုပ်ငန်းတစ်ခုဖြစ်ပြီး အတာရေအိုးတစ်အိုးလျှင် ငွေကျပ် ၂၀၀ ဖြင့် ပြန်လည်ရောင်းချနိုင်ကာ ဖောက်သည်ဈေး ငွေကျပ် ၁၅၀ ဝန်းကျင်ရရှိကြသည်။ "ကျွန်မတို့ အိုးလုပ်ငန်းကတပို့တွဲနဲ့ တပေါင်း၊ တန်ခူး လတွေမှာ ရောင်းရတာပါ။ လုပ်ပြီးသမျှ ပစ္စည်းကုန်အောင် ဧရာဝတီမြစ် အထက်အောက် စုန်ဆန်ပြီးရောင်းချကြတယ်"ဟု အိုးသည်တစ်ဦးက ပြောသည်။

သင်္ကြန်ကာလအတွင်း ရိုးရာယုံကြည်မှုများအရ လူ့ပြည်သို့ ဆင်းသက်လာသည့် သိကြားမင်းကို ကြိုဆိုသည့်အနေဖြင့် သင်္ကြန်ပန်းများထည့်ရန် ဝယ်ယူခြင်းဖြစ်သည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ကုန်းကြီးကျေးရွာ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

စစ်ကိုင်း မတ် ၂၅

စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာတွင် မတ် ၁၈ ရက်က မီးကြွင်းမီးကျန်မှ တစ်ဆင့်လောင်ကျွမ်းခဲ့သည့် မီးဘေးတွင် မီးသင့်ခဲ့ရသော နေအိမ်ကိုးလုံးမှ မိသားစုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၂၃ ရက်က အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုမှာ မတ် ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က ကုန်းကြီးကျေးရွာနေ ဦးငွေဝင်း၏ နေအိမ်ရှိ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အဆင့်ဆင့်ကူးစက်ရာ ကျေးရွာအတွင်းရှိ အနီးအနား အိမ်ခြေရှစ်လုံး ထပ်မံလောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။

မီးကို ပေါ့ဆစွာသုံးစွဲသူ စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာနေ ဦးငွေဝင်းအား သက်ဆိုင်ရာရဲတပ်ဖွဲ့မှ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးစီးမှူး (ဒုတိယတန်း) ဦးကြည်ဇော်ဝေ၊ စစ်ကိုင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး မော်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များမှ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံပါဝင်သော ပစ္စည်းပုံး ၁၀ ပုံး ပေးအပ်ပြီး စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း စားသောက်ဖွယ်ရာများနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များပါဝင်သော ပစ္စည်းရှစ်မျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ပြောကြားသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး မြို့နယ်အသီးသီး ဆောင်ရွက်

မင်းကင်း

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း သင်တန်းပေးအပ်ခြင်းကို မတ် ၂၂ ရက်က မြို့နယ် ထွေ/အုပ်ရုံးတွင် ကျင်းပခဲ့သည်။ သင်တန်းသို့ စာရင်းကောက်ယူမည့် ဆရာ၊ ဆရာမပေါင်း ၂၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကော့ကရိတ်

သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းခန့်အပ်ခြင်းကို မတ် ၂၂ ရက်က ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာတွင်ကျင်းပသည်။ ထို့နောက် ပြည်နယ်စီမံကိန်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနိုင်မင်းစိုးသိမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေနှင့် တာဝန်ရှိသူများက စာရင်းစစ်၊ စာရင်းကောက်များ အသုံးအဆောင် ကောက်ကွက်မြေပုံများနှင့် မေးခွန်းပုံစံများကို ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများသို့ ရှင်းလင်းပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ဝန်းသို

ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်း စာရင်းစစ်နှင့် စာရင်းကောက်များ သင်တန်းကိုမတ် ၂၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အကြောင်းအရာများအား အများပြည်သူများ သိရှိနားလည် သဘောပေါက်စေရန်လည်း ရှင်းလင်းဆွေးနွေးပေးလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးကပြောကြားခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

သတင်းတိုများ

ပြည်သူ့ဝန်ဆောင်မှု မီဒီယာသင်တန်းဖွင့်

အများပြည်သူဝန်ဆောင်မှုမီဒီယာ၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာလုပ်ငန်း အဆင့်ဆင့်နှင့် အကြောင်းပြချက်များ၊ ဆိုရှယ်မီဒီယာအသုံးပြုနည်း၊ သတင်းနှင့် သတင်းဆောင်းပါးရေးသားခြင်း၊ ဓာတ်ပုံဗွီဒီယိုရိုက်ကူးခြင်း၊ သတင်းပေးပို့ခြင်းတို့အတွက် မြစ်ကြီးနားခရိုင် ပြန်/ဆက်မှ ပြည်သူ့ဗဟိုပြု အများပြည်သူဝန်ဆောင်မှု မီဒီယာသင်တန်းကို မတ် ၂၃ ရက်က ပြည်နယ်ပြန်/ဆက် သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းသို့ သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အားကောက်ခံခြင်း ကမာရွတ်၌ အသိပေး

လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပေးရှင်းလင်းတင်ပြခြင်းကို မတ် ၂၃ ရက်က ကမာရွတ်မြို့နယ် အထက(၅)တွင် ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးညိုနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမာန်ဦးတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်သူများကလည်း မရှင်းလင်းသည့် အချက်အလက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၁၆၃)**

ဓာတုဗေဒသင်ပြကြမည့်၊ ဆရာ၊ ဆရာမများနှင့် Guide များအတွက်
သိ ပ္ပံ ပ ညာ ချွန် ဆု ရ
ဆရာ ဦးသန်းထွန်း(ဓာတုဗေဒ)
ဓာတုဗေဒ သီးသန့်သင်တန်း
၁၀-တန်း အမှတ်စဉ် ၈ (2014-2015 သင်ရိုးသစ်)
ဧပြီ (၁) မှ ဧပြီ (၁၃) ရက်ထိ (နံနက် ၉:၀၀ မှ ညနေ ၃:၀၀ ထိ)
ဧပြီ (၁၇) မှ ဧပြီ (၂၂) ရက်ထိ (နံနက် ၇:၃၀ မှ ညနေ ၃:၃၀ ထိ)
၁၀-တန်း အမှတ်စဉ် ၉
ဧပြီ (၁၇) မှ မေ (၂) ရက်ထိ (နံနက် ၇:၃၀ မှ ညနေ ၃:၃၀ ထိ)
လှည်းတန်း(၁) လမ်း၊ ကမာရွတ်။ Ph : 570178, 570371 ,095029606

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ-၁၊ မြေကွက်အမှတ် က/၁၄၀၊ မြေကွက်တည်နေရာအမှတ် ၂၃၀၊ ၁၁ လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးမောင်ကြီး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ဦးမောင်ကြီး)ဖခင်နှင့် မိခင်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်စိန်မြင့် ၁၂/ဒပန(နိုင်)၀၁၈၉၂၉၊ ဒေါ်မြင့်မြင့်ခိုင် ၁၂/ဒပန(နိုင်)၀၂၀၀၀၇၊ ဦးတင်မောင်ဝင်း ၁၂/ဒပန(နိုင်)၀၃၆၆၂၆၊ ဦးမျိုးဝင်းညွန့် ၁၂/ဒပန(နိုင်)၀၃၆၆၂၇တို့က ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများ၊ ကိုယ်တိုင်ကတိဝန်ခံချက်နှင့် သေစာရင်းများတင်ပြ၍ ဂရန်ပျောက်ဆုံးကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၆၅၃၊ မြေကွက်တည်နေရာအမှတ် ၁၆၅၃၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစိန်မြင့် ၁၂/မဘန(နိုင်)၀၁၃၃၆၃ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိန်မြင့်ထံမှ အရောင်းအဝယ်စာချုပ်အရပ်ကတိအဆင့်ဆင့်ဖြင့်ဦးကြည်တိုး ၁၄/အဂပ(နိုင်)၀၅၂၈၄၇မှ ဝယ်ယူ၍ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၅
(ကွယ်လွန်သူ ဒေါ်မရန်ဘီကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၁၈၅ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်မရန်ဘီ ကျန်ရှိရစ်သောပစ္စည်းနှင့် စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူ ဦးသန်းထွန်းက ၄င်းအမွေထိန်းလက်မှတ်စာရရှိထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ လူနေရပ်ကွက် နွယ်အေးဟုခေါ်တွင်သည့် (၂၅×၅၀) ပေရှိ နှစ် ၆၀ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာအိမ်ဖြစ်သည့် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၁၈၅ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို စီမံခန့်ခွဲခွင့်အမိန့် ချမှတ်ပေးပါရန် အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၄ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင်ကြားနာရန် ချိန်းဆိုထားသဖြင့် ထိုကွယ်လွန်သူ ဒေါ်မရန်ဘီ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အမှုတွင်လာရောက်အမှုဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြစ်သော်လည်းကောင်း အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်မထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးသန်းထွန်း၏ လျှောက်လွှာအား ကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး-၂
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်ခင်သန်းမြင့်အောင်(ခ)ဒေါ်သန်းမြင့်အောင် **နှင့်** (၁) ဒေါ်သဇင်
(၄င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်စိန်စိန်အေး) (၂) ဒေါ်ခင်လေးကြူ } အတူနေ မောင်နှမများ
(၃) ဦးမြတ်စိုး

တရားလို **တရားပြိုင်များ**

ကွမ်းခြံကုန်းမြို့နယ်၊ ဈေးကြီးအပြင်ဘက်တန်း၊ ကုန်စုံဆိုင်နေ ဒေါ်သဇင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သန်းမြင့်အောင်က ကျူးကျော်သူများအား နှင်ထုတ်ဖယ်ရှားပြီး အိမ်နှင့်မြေကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၁၁ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဖြူသွယ်)
ဒု-ခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျောက်ဆည်တွင် ထင်းခုတ်ယူသုံးစွဲမှုလျှော့ချရေးအတွက် သရုပ်ဖော်ပြသ

ကျောက်ဆည် မတ် ၂၅

ဒေသခံပြည်သူများ၏ ထင်းလိုအပ်ချက်အရ ခုတ်ယူသုံးစွဲမှုများကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် သဘာဝသစ်တောများ လျော့နည်းပျက်စီးလျက်ရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တိုင်းအတွင်းရှိ ကျေးလက်ဒေသ ထင်းသုံးစွဲသူများနှင့် တစ်နိုင်တစ်ပိုင် ထင်းမီးဖိုထုတ်လုပ်ရောင်းချ ဝင်ငွေရှာသူများကို ဖိတ်ခေါ်ကာ မတ် ၂၃ ရက်တွင် ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရုံးဝင်းအတွင်းတွင် ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးလောင်စာပိုမိုသုံးစွဲရေးအတွက် စွမ်းအားမြင့် မီးဖိုအမျိုးမျိုး၊ အစားထိုးလောင်စာတောင့်အမျိုးမျိုးပြုလုပ်ပုံ အဆင့်ဆင့်တို့ကို လက်တွေ့အသုံးချပြသခဲ့သည်။

သရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင်အတွင်း စဥ့်ကိုင်၊ တံတားဦးမြို့နယ်တို့တွင် ကျောက်မီးသွေးလောင်စာတောင့် ထုတ်လုပ်ဖြန့်ဖြူးနေသည့်လုပ်ငန်းရှင် ဦးအောင်ကျော်လွင်၊ မိတ္ထီလာမြို့နယ်မှ ဆီးခွံခြမ်းလောင်စာတောင့် ထုတ်လုပ်သည့်ဦးတင့်စိုး၊ သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာနှင့် ကျောက်ပန်းတောင်းမြို့နယ် ပြည်သာယာကျေးရွာတို့မှ စွမ်းအားမြင့် အေဝမ်းမီးဖိုများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ဦးသိန်းအောင်နှင့် ဦးတင်ကြိုင်တို့က ကိုယ်တိုင်တီထွင်ထုတ်လုပ်ထားသည့် အဆင့်မြင့်မီးဖိုများနှင့် လောင်စာတောင့်များ ပြုလုပ်ပုံအဆင့်ဆင့်တို့ကို လာရောက်လေ့လာသူများအား လက်တွေ့ပြုလုပ်ပြသပြီး သုံးစွဲပုံများကိုပါ သရုပ်ပြရှင်းလင်းပြောကြားခဲ့သည်။

သစ်တောသုတေသန ဌာနမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော စွမ်းအားမြင့် မီးဖိုများ၊ စပါးခွံသုံးမီးဖိုများ၊ Mercy Corps နှင့် EREDA မှထုတ်လုပ်သည့် မီးဖိုများကိုလည်း ခင်းကျင်းပြသခဲ့သည်။

အဆိုပါ သရုပ်ပြပွဲကို နှစ်ရက်ကြာပြုလုပ်ခဲ့ပြီး ကျေးလက်နေပြည်သူများက ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်သည့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြစ်သော စပါးခွံ၊ နှမ်းရိုး၊ ပဲစင်းငုံရိုး၊ မြေပဲရိုး၊ ပြောင်းဖူးရိုး၊ ဝါရိုး၊ ငရုတ်ရိုး၊ ချဉ်ပေါင်ရိုး၊ နေကြာရိုးနှင့် ထန်းပင်၊ အုန်းပင်များမှထွက်ရှိသော ပစ္စည်းများအပြင် စပါးခွံလောင်စာတောင့်၊ လွှစာမှုန့်လောင်စာတောင့်၊ ရေနံချေးလောင်စာတောင့်၊ ဆီးခွံခြမ်းလောင်စာတောင့်၊ မီးသွေးမှုန့်လောင်စာတောင့်နှင့် ကျောက်မီးသွေးလောင်စာတောင့်များ လက်တွေ့ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြပြီး ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွေးကလည်း စိုက်ပျိုးရေးသုံးစွန့်ပစ်ပစ္စည်းများ သုံးစွဲခြင်းဖြင့်လောင်စာအတွက် ကုန်ကျငွေသက်သာပြီး ကျေးလက်ဒေသများတွင် လက်လှမ်းမီသည့်အတွက် များစွာအဆင်ပြေပြီး တစ်ဖက်တစ်လမ်းမှလည်း သစ်တောများ ထိန်းသိမ်းကာကွယ်ရာရောက်သဖြင့် နိုင်ငံသားများအတွက် များစွာ အထောက်ကူပြုရာ ရောက်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-သက်မောင်

ကျောက်ဆည်တွင် ထင်းသုံးစွဲမှုပပျောက်ရေးနှင့် စွမ်းအားမြင့်မီးဖိုများသုံးစွဲရေး သရုပ်ဖော်ပြသနေစဉ်။

လက်သမား၊ ပန်းရံသင်တန်းဖွင့် သင်တန်းသား ၆၀ တက်ရောက်

ရေတ်ကောင်း မတ် ၂၅

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရံသင်တန်းဆင်းပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက ငရုတ်ကောင်းမြို့နယ်ခွဲ ရေကျော်ကျေးရွာရှိ အမကဥ္စ ကျင်းပခဲ့ရာ သင်တန်းသား ၆၀ ကို သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုသိမ်ခရိုင်ဦးစီးမှူး ဦးသက်ပိုင်က အမှာစကားပြောကြားပြီး ငရုတ်ကောင်း မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်က သင်တန်းသားများအား လက်သမား၊ ပန်းရံ အတတ်ပညာနှင့် လူမှုဘဝမြင့်တက်ရေးအကြောင်း ပြောကြားသည်။

ထို့နောက်သင်တန်းသား ၆၀ တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ပုသိမ်ခရိုင် ဦးစီးမှူး ဦးသက်ပိုင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပုသိမ်ခရိုင်ဦးစီးမှူး၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ခွဲရှိ ဌာနဆိုင်ရာတာဝန်ရှိသူများသည် လက်သမား၊ ပန်းရံသင်တန်းသားများ လက်တွေ့ပြုလုပ်ထားသော လမ်း၊ တံတားများကိုကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်ခွဲ ပြန်/ဆက်

ဖြူစင်နှလုံးသား သွေးလှူရှင်အဖွဲ့ တတိယအကြိမ် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးလှူဒါန်း

လေးမျက်နှာ မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ မတ် ၂၃ ရက် နံနက် ၉ နာရီက လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ဖြူစင်နှလုံးသား သွေးလှူရှင်အဖွဲ့မှ အခမဲ့အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး လှူဒါန်းပွဲကျင်းပရာ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မြတ်ကရုဏာ သွေးလှူရှင် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူငယ်များ ပထမအကြိမ်နှင့် ဒုတိယအကြိမ်(ဘီ)ပိုး ကာကွယ်ဆေး ထိုးပြီးသူများ တက်ရောက်ကြသည်။

အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးကိုသုံးကြိမ်ထိုးရမည်ဖြစ်ရာ ပထမအကြိမ်၊ ဒုတိယအကြိမ်ထိုးပြီးသော ၂၀၉ ဦးအား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ရွှေဝါမြင့်ဦးဆောင်၍ သူနာပြုဆရာမများမှ တတိယအကြိမ် ဆေးထိုးပေးခဲ့သည်။ ၎င်းအသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး သုံးကြိမ်စလုံးကို လေးမျက်နှာ ဇာတိဖွား ဦးနေဝင်း-ဇနီးဒေါ်ခင်သင်းလွင် မိသားစု (ရန်ကုန်)မှ လှူဒါန်းကြောင်း သိရသည်။

သီဟ(လေးမျက်နှာ)

သတင်းတို

သန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်ဖျော်ဖြေ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း မေတ္တာဦးတံတားထိပ်တွင် ၂၀၁၄ ခုနှစ်၊မတ် ၃၀ရက် မှ စတင်ကောက်ယူမည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လှုံ့ဆော်ဖျော်ဖြေပွဲကို မတ် ၂၃ ရက် နံနက် ၁၁ နာရီမှစတင်ကာ ဒေါ်ဆွေဇင်ထိုက်၊ အရိုင်း၊ ဇီးသီး၊ ပန်းသီး၊ စိန်သီး၊ ဘန်နီဖြိုးတို့ ရောက်ရှိ ဖျော်ဖြေကြရာ ပရိသတ် ၂၀၀၀၀ ကျော် ကြည့်ရှုအားပေးကြောင်း သိရသည်။ ရှေးဦးစွာ ဒေါ်ဆွေဇင်ထိုက်နှင့်အရိုင်းတို့က ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့်သန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာများကိုလည်းကောင်း၊ ဇီးသီး၊ ပန်းသီး၊ စိန်သီးတို့၏ မေးမြန်းချက်များကို ပရိသတ်များကဖြေကြားခြင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းအကျိုးကျေးဇူးများ၊ ရည်ရွယ်ချက်များကို ဟောပြောခဲ့ပြီး သန်းခေါင်စာရင်း ကောက်ယူမှုနှင့်ပတ်သက်သည့် အမှတ်တရလက်ဆောင် ပစ္စည်းများကို ဒေသခံများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

အသည်းရောဂါပညာဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(MMA) ခန်းမဆောင်(A)တွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်(တနင်္ဂနွေနေ့)တွင် အသည်းရောဂါ ပညာဆိုင်ရာဟောပြောပွဲကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပါမောက္ခ ဒေါ်ကြည်ကြည်ညွန့်(အသည်းရောဂါပညာဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)မှ'Causes of Cirrhoscs of Liver and Hepatic Fibrosis' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဦးဝင်းနိုင်(အသည်းရောဂါပညာဌာန၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး) မှ ''Management of Cirrhoscs of Liver''ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အများသိစေရန်ကြေညာခြင်း

